## ✶ ထေရဝါဒသာသနာ ရခိုင်တွင်ထွန်းကားလာပုံ ✶

၁၉၈၄ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ဗမာပြည်၊ **သပိတ်အိုင် သဲကုန်းဆရာတော်** အရှင်ညာဏိဿရနှင့် သံဃာတော်များသည် မြောက်ဦးသို့ ဘုရားဖူးရောက်ရှိကြပါသည်။ ထိုစဉ် ရခိုင်ပြည်သာသနာရေးကိစ္စနှင့် ရခိုင်–မြန်မာပဏ္ဍိတ် ဆရာကြီးဦးဦးသာထွန်းအား **မေးခွန်းကြီးခြောက်ခွန်း** မေးခဲ့ပါသည်။ ထိုမေးခွန်းများကို ဆရာကြီးသည် တစ်နေရာတည်းမှနေပြီး ဖြေကြားခဲ့ပါသည်။ ယင်းသို့ ဆရာတော်ဦးညာဏိဿရ အမေးနှင့် ဆရာကြီး၏အပြည့်အစုံဖြေကြားချက်များကို ပြန်လည်၍ ဆရာကြီးက အသံသွင်းပေးခဲ့ပါသည်။ ဆရာကြီးသည် ရခိုင်စကားဖြင့်အသံသွင်းခဲ့သည်ကို မြန်မာပြည်ရှိ တိုင်းရင်းသားများအားလုံး ဖတ်ရှုနိုင်ရန်အတွက် မြန်မာစာဖြင့် ပြန်လည်ရေးသားတင်ပြလိုက်ရခြင်းဖြစ်ပါသည်။

ဆရာကြီးသည် အရှင်ညာဏိဿရ မေးမြန်းခဲ့သော သာသနာရေးဆိုင်ရာအောက်ပါမေးခွန်းခြောက်ခုကို ဖြေကြားခဲ့ပါသည်။

### မေးခွန်းကြီးခြောက်ခု

**★ မေးခွန်းနံပါတ် (၁)**

ရခိုင်ပြည်သာသနာသည် ထေရဝါဒဗုဒ္ဓသာသနာမှ ဆင်း သက်လာသော သာသနာမဟုတ်၊ မဟာယနဂိုဏ်းမှ ဆင်းသက်လာသော သာသနာဖြစ်သည်။ ဤအကြောင်းကို ဖြေရှင်းပေးပါ။

**★ မေးခွန်းနံပါတ် (၂)**

ဗုဒ္ဓ၏ပါဠိတော်အဋ္ဌကထာစသည်တို့တွင်မရှိဘဲ မြတ်စွာ ဘုရားသည် ဒေညဝတီပြည်သို့ ကြွရောက်လာခဲ့ပြီး ကျောက်တော်တောင်၌ ရုပ်တန့်ခဲ့သည်ဟု ရေးသားပြောဆိုခဲ့သည်။ ဤအကြောင်းကို ဖြေ ရှင်းပေးပါ။



**★ မေးခွန်းနံပါတ် (၃)**

ဗုဒ္ဓ၏ပါဠိတော်အဋ္ဌကထာစသည်တို့၌ မပါရှိဘဲ မြတ်စွာ ဘုရားသည် စန္ဒာသူရိယမင်းကြီးနှင့်တွေ့ဆုံပြီး မဟာမြတ်မုနိဘုရားကို သွန်းလုပ် ခဲ့သည်ဟု ရေးသားပြောဆိုကြသည်။ ဤအကြောင်းကိုလည်း ဖြေရှင်းပေးပါ။

**★ မေးခွန်းနံပါတ် (၄)**

**သင်္ဂါ**ယနာခြောက်တန်၌ မပါဘဲလျက် ရခိုင်ပြည် ဝေသာလီရွှေတောင်ကြီး၌ စတုတ္ထသင်္ဂါယနာတင်ခဲ့သည်ဟု ရေးသားပြောဆို ကြသည်။ ဤအကြောင်းကိုလည်း ဖြေရှင်းပေးပါ။

**★ မေးခွန်းနံပါတ် (၅)**

ရခိုင်ပြည်ရှိ ဓာတ်တော်များကို ကျောရိုးတော်ဓာတ်၊ ဦးရာဇာတော်ဓာတ်၊ လည်ရိုးတော်ဓာတ်စသည်ဖြင့် အမျိုးမျိုးအမည်ပေး ထားကြသည်။ ဤအကြောင်းကိုလည်း ပါဠိတော်အဋ္ဌကထာစသည်တို့တွင် မတွေ့ရ၍ ဖြေရှင်းပေးပါ။

**★ မေးခွန်းနံပါတ် (၆)**

ရခိုင်ပြည်တွင်အသုံးပြုနေသောပါဠိတော်များမှာ မြန်မာမူဖြစ်သလော၊ မည်သည့်မူနည်း။ သင်္ဂါယနာခြောက်တန်တွင် ပါသောမူ ဖြစ်သလော။ ဤအကြောင်းကိုလည်း ဖြေရှင်းပေးပါ။

### ကတိနှစ်ခုပေးပါ

ယခု အရှင်ဘုရားက တပည့်တော်အား မေးထားသောမေးခွန်းများကို လွယ်ကူစွာဖြေရှင်းနိုင်ပါသည် ဘုရား။ သို့သော် အရှင်ဘုရားက တပည့်တော်အား ကတိနှစ်ခု ပေးရပါမည်။ သို့မှသာ တပည့်တော်**ဖြေ–ကား**ပါမည်။



ဘုရား။ ကတိများကိုမယူပါဆိုလျှင် တပည့်တော်တခွန်းမျှ ပြန်မဖြေပါ ဘုရား။ ဆရာတော်က ဘာကတိများလဲလို့ မေးသောအခါ နံပါတ်(၁) ကတိမှာ – တပည့်တော်ပြောသောစကားကို တစ်လုံးမျှ မယုံပါဘူးဆိုသော ကတိပါ။ အဘယ်ကြောင့် ဤကတိမျိုးကို တောင်းရသလဲဆိုသည်ကို ဥပမာပြပါမည်။ မြတ်စွာဘုရားသခင်သည် 'ကေသမုတ္တိ'သုတ္တော်ကို ကာလမ ပုဏ္ဏားရွာ၌ သံသယကင်းရှင်းရန်ဟောခဲ့ပါသည်။ ဆရာ၊ မိဘအစရှိသောသူများ အစဉ်အဆက်မပြတ်ပြောသောစကားများကိုလည်း မယုံနှင့်၊ ငါဘုရားဟောသည်ဟူ၍လည်း မယုံနှင့်၊ စာအုပ်ကြီး၌ ပါရှိသည်ဟူ၍လည်းမယုံနှင့် အစရှိသည်အားဖြင့် ဟောကြားခဲ့ပါသည်။ ငါဘုရားဟောသည်ဟူ၍လည်း မယုံနှင့်ဆိုလျှင် အဘယ်ကိုယုံရပါမည်နည်း မေးစရာရှိပါသည်။ ဘုရားရှင်က ကျိုး–ကြောင်း စပ်ကယုံ၊ ကြောင်း–ကျိုးစပ်၍ မှန်ကန်သောစကားမှာ ဘုရားစကားသာဖြစ်ပါသည်။ ဘုရား၏စကားသည် မှားသည်ဟူ၍ မရှိပါ။ ယင်းအတွက် တပည့်တော်ပြောသောစကားများကိုလည်း ဤဥပမာလျှင်ရှိသော ယုတ္တိသုံးပါးနှင့်တကွ ဘုရားသခင်သည် နောက်ဆုံးပရိနိဗ္ဗာန်မစံမီ သုဘဒ္ဒရဟန်းကြီးကို ဟောထားသည့်အတိုင်း မဟာပဒေသတရားနှင့်ပြည့်စုံလျှင် ယုံပါဆိုသောကတိကို ခံစေချင်၍ ပြောကြားခြင်းဖြစ်ပါသည်။

ထို့ကြောင့် တပည့်တော်ပြောသောစကားရပ်၌ ဤအင်္ဂါရပ်နှင့်ပြည့် စုံမှသာယုံပါ။ မပြည့်စုံပါက မယုံပါနှင့်ဟုဆိုလိုခြင်းဖြစ်ပါသည် ဘုရား။ မကိုက်ညီ လျှင်မေးခွန်းထုတ်ပါ။ ထိုအခါတပည့်တော်မှာ အကျိုးမဖြစ်ဘဲ အပြစ်သာ ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် တပည့်တော်သည် ဘုရား မဟုတ်သောကြောင့်ပါ ဘုရား။ ဗုဒ္ဓစကားသည် တခွန်းတည်းနှင့် မှန်ကန်ပါသည်။ တပည့်တော်ပြောသောအခါ အမှားရှိပါမည်။ ယင်းအမှားကို ထောက်



ပြလျှင် တပည့်တော်ဝမ်းသာပါမည်။ ထို့ကြောင့် အရှင်ဘုရားသည် တပည့်တော်ပြောသောစကားများကို ယုတ္တိ သုံးပါးနှင့်မကိုက်ညီလျှင်၊ မဟာပဒေသတရားနှင့်မကိုက်ညီလျှင် အရှင်ဘုရား ထပ်၍မေးခွန်းထုတ်ပါ။ တပည့်တော်စကားကို ထပ်၍မေးခွန်းမထုတ်လျှင် တပည့်တော်ပြောသောစကားကို အရှင်ဘုရားလက်ခံယုံကြည်ဟု မှတ်ယူရပါမည်ဘုရား။ ဤကတိကို အရှင်ဘုရားတို့ထံမှ ရယူရပါမည်။ ထိုအခါ စစ်ကိုင်း ဆရာတော်ကြီးက ဦးညာဏိဿရအား ကတိခံယူရန်ပြောပါသည်။

ဒုတိယကတိမှာ ဤနေရာ၌ မပြောကောင်းသောစကားဖြစ်ပါသည်။ အရှင်ဘုရားတို့မှ ပြောသာပြောပါ ကိစ္စမရှိဟုဆိုလျှင် တပည့်တော်ပြောပါမည်။ ဆရာတော်ကြီးများက ပြောပါဟုဆိုသဖြင့် ဆရာကြီးကထပ်၍ပြောပါသည်။

### သာမန်ဘုရင်များ မတည်နိုင်

အရှင်ဘုရား ယခုထိုင်နေသောနေရာမှ အနောက်သို့နောက်ပြန် ကြည့်လိုက်ပါ။ သျှစ်သောင်းဘုရားကြီးရှိပါသည်။ ကျောက်တုံးကြီးများဖြင့် လိဏ်အထပ်ထပ်တည်ထားပါသည်။ ထိုဘုရား၏နောက်မှာ ထုက္ကန်သိမ်ဘုရား၊ ရတနာပုံဘုရားနှင့် အံတော်သိမ်များကို မြင်တွေ့ရပါလိမ့်မည်။ ယခုအချိန်ကဲ့သို့မဖွံ့ဖြိုးသေးဘဲ သေးငယ်နေသောအချိန်အခါတွင် တည်ထားခဲ့သော အဆောက်အအုံများမဟုတ်ပါ။ ဤကဲ့သို့ကြီးကျယ်သောအဆောက်အအုံမျိုးကို သာမန်ဘုရင်များမတည်နိုင်ပါ။ နန်းတော်ကုန်းကိုတည်ဆောက်ထားသောကျောက်တုံးများကိုလည်း အရှင်ဘုရားမြင်ပြီးသားဖြစ်ပါသည်။ ယင်းကြောင့် ဤအဆောက်အဦးများကို တည်ဆောက်ခဲ့သောအချိန်သည် ရခိုင်၌ ကိုယ့်မင်းကိုယ့်ချင်း၊ ကိုယ့်ထီးကိုယ့်နန်းနှင့်၊ ကိုယ့်ဘာသာသာသနာနှင့်

ကြီးပွား ထွန်းကားနေသောအချိန် ဖြစ်နေသည်ကို အရှင်ဘုရားစိတ်မှာ မှတ်ထားရပါမည်။ သို့မှသာ တပည့်တော်ပြောသောစကားများကို သဘော ပေါက်နားလည်ပါ လိမ့်မည်။ ထို့ကြောင့် ရခိုင်တို့သည် ရေးအခါက ခမ်းနားကြီး ကျယ်ခဲ့သည်ကို စိတ်မှာမှတ်ထားရန် ကတိကိုခံယူပါဘုရား။ ဆရာတော်များက ဒုတိယကတိကိုလည်း ခံယူကြောင်းပြောပါသည်။

### သာသနာညှိုးခဲ့

တပည့်တော်တို့ရခိုင်ပြည် သူတပါးလက်အောက်ကျရောက်သည့် နေ့ကစပြီး သာသနာညှိုးနွမ်းခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပါသည်။ သာသနာရေး ဆိုင်ရာစာအုပ်တစ်အုပ်မျှ မထွက်ပါ။ ကိုလိုနီခေတ်အခါက စာပေဝါသနာ ပါသူများသည် ပီစာများကိုတဆင့်ကူးယူပြီး စာမူတစ်ခုကိုင်းစောင်၊ ဆယ် စောင်စသည်ဖြင့် ပွားများကြပါသည်။ ယခုအခါ စာပုံနှိပ်စက်ပေါ်လာသော အခါ ဟောင်းနွမ်းနေသောစာပေများကိုလည်း ထပ်မကူး၊ ပုံနှိပ်စာအုပ်ကလည်း မထွက်သည့်အတွက်ကြောင့် စာပေလည်းကွယ်ခဲ့ပါပြီ။ အဟောင်းဖြစ်သော စာပေများလည်းကွယ်ပြီး အသစ်စာအုပ်များကလည်း မထွက်နိုင်သော ကြောင့် ရခိုင်စာပေကွယ်ပျောက်လုမတတ်ဖြစ်ခဲ့ပါသည် ဘုရား။

### သုတေသန (၂) မျိုး

သို့သော် ရခိုင်အမျိုးသားသုတေသီများက ရခိုင်တို့၏သာသနာရေး၊ ဘာသာရေးစာပေများကို သုတေသနလုပ်ကြပါသည်။ သုတေသနလုပ်နည်း နှစ်မျိုး ရှိပါသည်ဘုရား။ တမျိုးမှာ ဝိဇ္ဇာနည်းဖြစ်၍၊ အခြားတနည်းမှာ သိပ္ပံ နည်းဖြစ်ပါသည် ဘုရား။ သိပ္ပံနည်းမှာ ငွေကုန်များ၍ မတတ်နိုင်ပါ။



ဝိဇ္ဇာနည်းဖြင့် သုတေသနလုပ်ခဲ့ရပါသည်။ တပည့်တော်တို့၏ရခိုင်တွင် ရခိုင် စကားဖြင့် မဆမခြေရာကောက်နည်း (မုဆိုးမခြေရာကောက်နည်း) ဟုခေါ် ပါသည်။ ဤနည်းဖြင့် သုတေသနရှာဖွေရပါသည် ဘုရား။ ဤနည်းဖြင့် တပည့် တော်တို့ရှာလိုက်သောအခါ ရခိုင်သမိုင်းမှာ မြောက်ဦးမြို့သည် နောက်ဆုံးမြို့ ဖြစ်ပါသည်။

### မြောက်ဦးခေတ်မှသည်

ယခု အရှင်ဘုရားတို့ မြင်နေရသောဘုရားစေတီများမှာ မြောက်ဦး ခေတ်က မင်းစောမွန်လက်ထက်ကစပြီး တည်ထားခဲ့သောဘုရားစေတီများ ဖြစ်ပါသည်။ ဤသာသနာသည် မြောက်ဦးခေတ်က စခဲ့သလော၊ သို့မဟုတ် မည် သည့်ခေတ်ကပင်စခဲ့သည်ကိုသိရှိရန်အတွက် နောက်ကိုတလှမ်းဆုတ် ကြည့်ပါသည်။ ထိုမြောက်ဦးခေတ်မတိုင်မီ လေးမြို့ခေတ်ရှိခဲ့ကြောင်း သိရပါ သည်။ ယင်းကြောင့် မြောက်ဦးခေတ်သည် လေးမြို့ခေတ်က ဆင်းလာကြောင်း သိရပါသည် ဘုရား။ လေးမြို့ခေတ်သာသနာကိုကြည့်လိုက်သောအခါ ထိုခေတ် တလျှောက်လုံး ဘုရင်များတည်ထားခဲ့သောစေတီ၊ ဘုရားများစွာကို တွေ့ရ ပါသည်။ ထိုမင်းများ လေးမြို့ခေတ်အက္ခရာဖြင့် ရေးထိုးခဲ့သောကျောက်စာများ ကို သက္ကရာဇ်အတိအကျနှင့် တွေ့ရပါသည် ဘုရား။

### ရက္ခဝဏ္ဏအက္ခရာ

လေးမြို့ခေတ်သည် မည်သည့်ခေတ်မှဆင်းလာသနည်းဆိုသည်ကို နောက်သို့တလှမ်းဆုတ်လိုက်သောအခါ ဝေသာလီခေတ်ကို တွေ့ရပါသည်။ ဝေသာလီခေတ်ကိုရောက်သောအခါ ရခိုင်စာပေအရေးအသားမှာ အက္ခရာ



များ ပြောင်းလဲလာပုံကို တွေ့ရှိရပါသည်။ လေးမြို့ခေတ်အစပိုင်းမှာ ဝေသာလီ ခေတ်က ရွေ့လျားလာသောရက္ခဝဏ္ဏအက္ခရာများကို အသုံးပြုရေးသားခဲ့ ပါသည်။ ရခိုင်တို့၏လေ့ယူလေ့သိမ်းများဖြင့် ရေးထားသဖြင့် ရက္ခဝဏ္ဏအက္ခ ရာဟုခေါ်ပါသည်။ ဝေသာလီခေတ်မှာ ပထမဦး ဖြုတ်မှီပွားအက္ခရာများဖြင့် ရေး သားကြပါသည်။ ဝေသာလီခေတ်မှာ ရိုးရိုးစာပေများကို ဖြုတ်မှီပွားအက္ခရာဖြင့် ရေးသားပြီး ဘာသာရေးဆိုင်ရာစာပေများကို သက္ကတဘာသာဖြင့်ရေးသား ကြောင်း တွေ့ရှိရပါသည်။ ဝေသာလီခေတ်နောက်ပိုင်းမှစပြီး ရက္ခဝဏ္ဏအက္ခရာ ဖြင့် ရေးသားလာခြင်းကို တွေ့ရှိရပါသည်။ ထိုဝေသာလီခေတ်မှာလည်း ဘုရင် များသည် စေတီပုထိုးများစွာ တည်ဆောက်ခဲ့သည်ကို ယနေ့တိုင်တွေ့နိုင်ပါ သေးသည်။ ထိုခေတ်က ရေးထိုးခဲ့သော ကျောက်စာ၊ ကြေးပြားစာ၊ ဒင်္ဂါးစာများ ကိုလည်း တွေ့ရှိနိုင်ပါသေးသည်။ ဗုဒ္ဓစာပေများကို ပေထက်အက္ခရာ၊ ကျောက် ထက်အက္ခရာနှင့် ကြေးနီပြားတို့မှာ ရေးထိုး ထားခဲ့သည်ကို ယနေ့တိုင်တွေ့ နိုင်ပါသေးသည်။ ယင်းကြောင့် ဝေသာလီခေတ်တွင်လည်း ဗုဒ္ဓသာသနာနှင့် စာပေ မှာ အထင်အရှားရှိကြောင်းတွေ့ရပါသည်။

### ဝေသာလီခေတ်

ဝေသာလီခေတ်က နောက်သို့တလှမ်းဆုတ်ကြည့်သောအခါ ဓညဝတီခေတ်ကိုရောက်ရှိပါသည်ဘုရား။ ယင်းဓညဝတီခေတ်မှာလည်း ဘုရင် နှင့်အသုံးပြုသောစာပေများရှိကြောင်းတွေ့ရပါသည်။ ဤကဲ့သို့ မဆမခြေရာ ကောက် (မုဆိုးမခြေရာကောက်) နည်းဖြင့် နောက်သို့တလှမ်းစီ တလှမ်း စီဆုတ်လိုက်သောအခါ ယခုဓညဝတီခေတ်သို့ရောက်ပါသည်။ ထိုခေတ်မှာ လည်း သမိုင်းရုပ်ကြွင်းဖြစ်သောကျောက်စာနှင့် ကျောက်ရုပ်တုများကိုလည်း



တွေ့ရပါသည်။ ထိုသမိုင်းရုပ်ကြွင်းများမှာ အစစ်အမှန်များဖြစ်နေပါ၍ တပည့် တော်တို့ပိဋကတ်စာမှာ ပုံနှိပ်စာအုပ်လည်းမရှိ၊ စာပေများလည်းကွယ် ပျောက် နေပါသည်။ သို့သော် သမိုင်းရုပ်ကြွင်းများမှာ မကွယ်မပျောက်လက်တွေ့ မြင် နိုင်တွေ့နိုင်သောအရာများ ဖြစ်နေပါ၍။ ပစ်ပယ်၍ မရကောင်းပါဘုရား။

ဓညဝတီခေတ်တွင်ရေးထိုးခဲ့သော တောင်ပေါက်ကြီး ကျောက်စာ အကြောင်းကို ရှင်းလင်းပါဦးမည်။ ယခု နိုင်ငံတော်ကထုတ်ဝေထားသော စွယ်စုံကျမ်းတွင် အက္ခရာဆင်းသက်လာပုံသမိုင်းကိုရေးသားထားပါသည်။ အက္ခရာဆင်းသက်လာပုံကို ဖြုတ်မှီအက္ခရာကတဆင့် ယခုခေတ် ထိဆင်း လာပုံကို ရေးသားထားပါသည်။ မြန်မာအက္ခရာမှာ အိန္ဒိယတောင်ပိုင်း–ပလ္လဝ၊ ကဒမ္ဗ၊ အလုကျ၊ တိလင်္ဂဆိုသော အက္ခရာများမှတဆင့် ဆင်းသက် ပြီးလျှင် မြန်မာစာဖြစ်လာပါသည်။ ဆရာကြီးဦးသာမြတ်ရေးသားသော စာအုပ်တွင် ဖြုတ်မှီ၊ မာဂဓ၊ ဂုတ္တ၊ ကြန္ဓ၊ ပလ္လဝ၊ ကဒမ ကနေပြီး ရာမညတိုင်းသို့ဆင်းသက် လာကြောင်း ရေးသားထားပါသည်။ တပည့်တော်တို့ရခိုင်ဘက်မှာ ဓညခေတ်၌ ဖြုတ်မှီအက္ခရာ အသုံးပြုခဲ့ကြောင်း တွေ့ရှိရပါသည်။ သို့သော် ရာစုနှစ်တစ်ခေတ် ပြီးတစ်ခေတ် လက်ရေးပြောင်းလာသည့်အတွက် အက္ခရာပုံမှာလည်း ပြောင်း လဲမှုရှိခဲ့ပါသည် ဘုရား။ ယင်းကြောင့် ဝေသာလီခေတ်မှာဆိုလျှင် ဖြုတ်မှီအက္ခ ရာမှ ဆင့်ပွားလာသော ဖြုတ်မှီအက္ခရာဖြင့်ရေးသားထားသည်ကို တွေ့ရပါသည်။ ဓညဝတီခေတ်တွင် ကျမ်းဦးဂါထာတော်အဖြစ်ဖြင့် ‘ယေဓမ္မာ’ ဂါထာတော်ကို ဖြုတ်မှီအက္ခရာဖြင့်ရေးထိုးပြီး ပါဠိအသံထွက်အတိုင်းဖြစ်ပါသည် ဘုရား။

### ရခိုင်ပိဋကတ်ကိုဆက်ရန်

စာပေအကြောင်းကိုခဏရပ်ထားပြီး ရခိုင်ပိဋကတ်အကြောင်းကို

ဆက်ပြောပါမည်ဘုရား။ ပိဋကတ်ကိုကျွမ်းကျင်သောပုဂ္ဂိုလ်များဖြစ်သည့်အတွက် ပိဋကတ်ကိစ္စကိုပြောရာတွင် သည်းခံပြီးနားထောင်ပါဘုရား။ ဗုဒ္ဓဘာသာဝင်တိုင်းသိရှိကြသည့်အတိုင်း သာဝတ္ထိမြို့က ဥပတိဿနှင့် ကောတလိတရွာသူကြီးသားနှစ်ဦးမှာ နက္ခတ်သဘင်ကိုကြည့်ရှုနေစဉ် ပွဲကြည့်ပရိသတ်များကိုကြည့်ပြီး သည်လူများသည် နောက်နှစ်ပေါင်းတရာအတွင်းမှာ အားလုံးသေပျောက်ကြလိမ့်မည်။ ငါတို့လည်း သေရလိမ့်မည်။ ယင်းကြောင့် မသေသောတရားရှာဖွေရန်အတွက် ရွာမှထွက်သွားကြလေသည်။ မကြားဖူးသေးသောသူငယ်များ သိရှိစေရန် အနည်းငယ်အကျယ်ပြောပါရစေ။ ထိုကဲ့သို့တရားရှာဖွေကြသောအခါ သိဥ္စည်းပရိဗိုဇ်ထံသို့ ရောက်သွားကြလေသည်။ သိဥ္စည်းပရိဗိုဇ်ထံ အတတ်ပညာများသင်ကြားကြသောအခါ အားလုံးတတ်သိကြလေသည်။ ဆရာက သင်စရာကုန်ပြီဟုပြောသဖြင့် နောက်ထပ်သိဥ္စည်းဆရာထက်တတ်သောဆရာကို ရှာဖွေရန် သွားကြလေသည်။

ထိုကဲ့သို့ခရီးဆက်လာကြသောအခါ ရာဇဂြိုဟ်မြို့သို့ ရောက်ရှိခဲ့ကြပါသည်။ ထိုစဉ် ဆွမ်းခံကြွလာသော အရှင်အဿဇိမထေရ်ကို မြင်တွေ့ခဲ့ပါသည်။ ထိုအရှင်မြတ်သာမဏေအိန္ဒြေကို ကြည်ညိုသဖြင့် ငါ့ရှင်၏ဆရာက မည်သူဖြစ်သနည်း၊ အဘယ်တရားကိုဟောကြားပါသနည်း၊ အကျွန်ုပ် တို့အားတခွန်းတစမျှလောက် ဟောကြားပါလော့ စသည်ဖြင့် မေးလျှောက်ခဲ့ပါသည်။ အရှင်အဿဇိမထေရ်က အကျွန်ုပ်၏ဆရာသည် ဘုရားသခင် ဖြစ်သည်။ အကျွန်ုပ်သည် ရဟန်းဖြစ်သည်မှာ မကြာသေးသဖြင့် တရားကောင်းကောင်းမပြောတတ်သေးကြောင်း၊ သို့သော် အကျွန်ုပ်ဆရာသခင် ဟောကြားသောတရားထဲမှ အကျွန်ုပ်မှတ်မိသောတရားဖြစ်သည့် ဤသည်သောဂါထာတော်ကိုဟောကြားပါမည်ဟုဆို၍ တရားဟောခဲ့ပါသည်။ ယင်းဂါထာတော်မှာ 'ယေ



ဓမ္မာဟေတုပ္ပ ဘဝါ တေသံ ဟေတု တထာဂတော အာဟ၊ တေသဉ္စယော နိရောဓေါ၊ ဧဝံ ဝါဒီ မဟာသာမဏော'ဟု အရှင်အဿဇိမထေရ်က ဥပတိဿအားဟောကြားခဲ့ပါသည်။

**အဓိပ္ပါယ်မှာ** မြတ်စွာဘုရားသည် ရှေးကပြုဖူးသော အကြောင်းကြောင့် ဖြစ်ပေါ်လာသော အကျိုးတရားတို့ကို ဟောတော်မူ၏။ ထိုအကြောင်းအကျိုးတရားနှစ်ပါးတို့၏ချုပ်ငြိမ်းရာကိုလည်း ဟောတော်မူ၏ဟု အဓိပ္ပါယ်ရပါ သည်။ အရှင်ဘုရားတို့သိရှိတော်မူသည့်အတိုင်းပါ ဘုရား– နောက်ဆုံး သူငယ်ချင်းနှစ်ယောက်စလုံးသည် မြတ်စွာဘုရားနှင့်တွေ့ရှိပြီး ရဟန္တာများ ဖြစ်ကြ၍ ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလ္လာန်အဖြစ်ထင်ရှားခဲ့သည်။

ဤတရားမှာ နှမ်းတစ်တောင်းကိုကြိတ်လိုက်သောအခါ ဆီကြည်တစ်ပုလင်း၊ နှစ်ပုလင်းရရှိသကဲ့သို့၊ ကျောက်စရစ်ငါးတောင်းကိုကြိတ်သော်လည်း ဆီကြည်တပေါက်တစမျှမရှိသကဲ့သို့၊ ပိဋကတ်သုံးပုံကို အဆီထုတ်လိုက်သောအခါ 'နိဗ္ဗာန'ဆိုသော တရားတစ်လုံးသာရရှိပါသည်။ ယင်းတရားတစ်လုံးကို စိတ်ဖြာလိုက်သောအခါ 'ဓမ္မနှင့်ဝိနယ'ရရှိပါသည်။ နောက်ထပ်စိတ်ဖြာလိုက်လျှင် 'သစ္စာလေးပါး၊ မဂ္ဂင်ရှစ်ပါး၊ ဗောဓိပက္ခိယတရားသုံးဆယ့်ခုနစ်ပါး'အစရှိသည်ဖြင့် နောက်ဆုံးဓမ္မခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ပါရှိသော ပိဋကတ်သုံးပုံရရှိပါသည်ဘုရား။ သို့ဖြစ်ပါ၍ ယေဓမ္မဂါထာတော်သည် ပိဋကတ်သုံးပုံ၏အဆီအနှစ်ဖြစ်ကြောင်းကို ဆရာတော်က တပည့်တော်ထက်သိပါသည်ဘုရား။

ဤယေဓမ္မာတရားသည် မဟာယန်ဂိုဏ်းသားများ အသုံးပြုသောဂါထာတော်ဖြစ်ပါသလား၊ အရှင်ဘုရားတွေ့ဖူးပါသလားဟု မေးသော



အခါ ဆရာတော်သည် ဖြေကြားခြင်းမရှိဘဲ တိတ်တိတ်နေခဲ့ပါသည်။ ဤယေဓမ္မာဂါထာကို မဟာယနဂိုဏ်းသားများ အသုံးပြုမည်မထင်ပါ။ မဟာယနဂိုဏ်းသားများအသုံးပြုသည်ကို တွေ့ဖူးပါသလားဟု ထပ်၍ မေးသောအခါ ဆရာတော်မှာ တိတ်တိတ်နေခဲ့ပါသည်။ နောက်တချက် မဟာယနဂိုဏ်းသည် ဆိုသောဂိုဏ်းထဲ၌ ဖြဟ္မဏအယူအဆရောနှောပြီးလျှင် မဟာယနဂိုဏ်း၊ တန္တရာဂိုဏ်း၊ မန္တရာဂိုဏ်းများ ပေါ်ပေါက်လာပါသည်။ ထိုဂိုဏ်းများမှတ ဆင့် တပည့်တော်တို့ရခိုင်ပြည်သို့ မဟာယနသာသနာ ဝင်ရောက်လာပါ သလား မေးသောအခါ ဆရာတော်မှာ တစုံတရာပြောကြားခြင်းမပြုဘဲ တိတ်ဆိတ်နေခဲ့ပါသည်။

နောက်တချက် အိန္ဒိယတပြည်လုံးကို မဂိုမင်းများတိုက်ခိုက်သိမ်းယူပိုက်သောအခါ ဗုဒ္ဓဘာသာဝင်များသည် သီရိလင်္ကာနိုင်ငံ၊ တိဘက်၊ ရခိုင်ပြည်၊ မြန်မာပြည်များသို့ထွက်ပြေးကြသောအခါ မဟာယနဂိုဏ်းသည် ရခိုင်ပြည်သို့ဝင်ရောက်ခဲ့ပါသလား အရှင်ဘုရား။ ဆရာတော်က မည်သို့မျှမပြောကြားခဲ့ပါ။ တိတ်တိတ်နေခဲ့ပါသည်။ သို့ဖြစ်လျှင် တပည့်တော်တို့ရခိုင်ပြည်သာသနာသည် မဟာယနဖြစ်သည်ဟု ဆရာတော်စွပ်စွဲခဲ့သည် မှာ မည်သည့်အကြောင်းကြောင့်ဖြစ်ပါသလဲ ဘုရား။ တခုမျှမဖြေကြားခဲ့ပါ။

## တောင်ပေါက်ကြီးကျောက်စာ

တပည့်တော်တို့ မြောက်ဦးခေတ်ကစပြီး ဓညဝတီခေတ်တိုင် အောင် သာသနာတော်ဆင်းသက်လာပုံကို ခြေရာကောက်ယူသည့်နည်းနှင့် သုတေသနပြုလိုက်သောအခါ သာသနာသည် ဓညဝတီခေတ်မှာ ဆုံးနေပါ သည် ဘုရား။ ဓညဝတီခေတ်မှာ 'နမာတဿ'ဂါထာတော်ပါရှိသည့် ဖြဟ္မီ



အက္ခရာနှင့်ရေးထိုးထားခဲ့သော တောင်ပေါက်ကြီးကျောက်စာရှိခဲ့ပါသည်။ ယင်းစာကိုရေးထိုးထားသော အက္ခရာစာလုံးများကိုကြည့်လျှင် ဘီ စီ ၃၀၀–ကျော်က အသောကမင်းကြီး ရေးထိုးခဲ့သောကျောက်စာ တွင်ပါရှိသည့်အက္ခရာစာလုံးများမှာ အတူတူဖြစ်နေသောကြောင့် တခေတ်တည်းတွင်ရေးထိုးခဲ့သောကျောက်စာဖြစ်ကြောင်းလက်ရေးလက်သားကို လေ့လာသောပညာရှင်များမှ သုတေသနပြုမှတ်ချက်ချခဲ့ကြပါသည် အရှင်ဘုရား။ ယင်းကြောင့် ရခိုင်ပြည်ဓညဝတီခေတ်မှာ အိန္ဒိယမြောက်ပိုင်းက အသုံးပြု သည့် ဖြဟ္မီအက္ခရာများဝင်ရောက်ရှိပြီး ဖြစ်ကြောင်း သိရှိရပါသည် ဘုရား။

## သူရိယမင်းဆက်၊ စန္ဒြားမင်းဆက်

ထိုကဲ့သို့ ရခိုင်ပြည်ဓညဝတီကျောက်စာနှင့်အိန္ဒိယပြည် အာသောကကျောက်စာနှင့် တည်နေပုံကိုထောက်ရှုသောအခါ ဘီစီ ၃–ရာစုမှာ ကျောက်စာများကိုရေးထိုးလျှင်၊ ထိုမရောကမီ ဘီစီ ၅–ရာစုလောက်တွင် မြတ်စွာဘုရားပွင့်တော်မူခဲ့ပါသည်။ တပည့်တော်တို့ ခြေရာကောက်နည်းဖြင့် ထပ်ပြီးကောက်ယူလျှင် ရခိုင်ပြည်၌ မင်းဆက်နှစ်ဆက်ရှိခဲ့ပါသည်။ ပထမမင်းဆက်မှာ–သူရိယမင်းဆက်ဖြစ်ပြီး၊ ဒုတိယမင်းဆက်မှာ စန္ဒြားမင်းဆက်ဖြစ်ပါသည်။ သူရိယမင်းဆက်နောက်ပိုင်းတွင် **ဋ္ဌေြင်**စန္ဒြားမင်းဆက်ပေါ်လာပါသည်။ စန္ဒြားမင်းဆက်၏ပထမမင်းဆက်မှာ ရခိုင်သမိုင်းတွင် ခေါ်ထားသော မဟာသူရိယတိုင်းစန္ဒြားမင်းကြီးဖြစ်ပါသည်။ ရှစ်သောင်းဘုရားကျောက်စာတွင် ဋ္ဌေြင်စန္ဒြားဟုသက္ကတအက္ခရာဖြင့် ရေးထိုးထားပါသည်။ သူရိယတိုင်းစန္ဒြားနှင့် ဋ္ဌေြင်စန္ဒြားမှာ အတူတူဖြစ်ပါသည်။

## အဓိပ္ပါယ်ဖော်နိုင်ခဲ့

ထိုစန္ဒြားမင်းဆက်ရေးထိုးခဲ့သောကျောက်စာမှ မဟာမုနိကုန်း၊ ဒုတိယပစ္စယံအရှေ့မြောက်ဘက်၌ရှိသော အရုပ်၌ပါရှိပါသည်။ လွန်ခဲ့သော နှစ်ပေါင်းများစွာက အမိုးအကာမရှိဘဲ၊ ပက်လက်လန်ပြီးလျှင် မိုးထဲရေထဲ၌ ရှိနေခဲ့သဖြင့် စာကြောင်းများမှာ ဖတ်မရနိုင်အောင်ပျက်စီးခဲ့ပါ သည်။ သို့သော် ကြိုးစား၍ မင်ကူး–ကူးယူသောအခါ စာလုံးအနည်းငယ်ကိုဖတ်ပြီး အဓိပ္ပါယ်ဖော်နိုင်ခဲ့ပါသည်။ ရေးထားသောအက္ခရာစာလုံးမှာ သက္ကတဖြစ်ပြီး 'မဟာသျူရိယော သျှန္ဒရော၊ နာမနော သျှဗ္ဗဒါနေ ပကာရတေ' ဆိုသော စာကြောင်းပါ ဘုရား။

ပါဠိဘာသာနှင့်ဆိုလျှင် 'မဟာသူရိယော စန္ဒရော နာမနော သဗ္ဗဒါနေ ပကာရတေ' ဟု ရပါသည်ဘုရား။ အဓိပ္ပါယ်က–မဟာသူရိယတိုင်းစန္ဒြားမင်းကြီးသည် ဤကုန်းတော်၌ ဒါနဝတ္ထုအစုစုတွေကို လှူဒါန်း၍ ပြီးပြည့်စုံပြီးဟုဖြစ်ပါသည်။ ယင်းကြောင့် ဤစာကိုထိုးထားသော ကျောက်စာပါအရုပ်မှာ မဟာတိုင်းစန္ဒြားမင်းကြီး ကုသိုလ်ပြုစိုက်ထူခဲ့သောအရုပ် ဖြစ်ကြောင်း သက်သေထူနေပါသည်ဘုရား။

## ဝိဇ္ဇာတက်တော်သုတ္တန်

ထိုအရုပ်၏အောက်ပိုင်းတွင် စာငါးကြောင်းပါရှိပါသည် ဘုရား။ ထိုကျောက်စာများမှာ အထက်ကစာကြောင်းများပျက်ပြယ်နေပါသဖြင့် ကောင်းစွာဖတ်မရနိုင်ပါ။ အောက်ဆုံးစာတကြောင်းတည်းကိုသာ ဖတ်၍ရပါသည်။ ထိုအကြောင်းမှာလည်း သက္ကတဘာသာဖြင့် ဒယက္ခသေနာပတိ ပနာဒေါဒဟု ရေးထိုးထားပါသည် အရှင်ဘုရားတို့။



ယခု မြန်မာနိုင်ငံတော်၌ နယုန်လပြည့်နေ့ကို မဟာသမယနေ့အဖြစ် သတ်မှတ်ပြီး နှစ်စဉ်ကျင်းပနေကြပါသည်။ မဟာသမယနေ့၌ မြတ်စွာဘုရား ကိုယ်တော်တိုင်ဟောကြားခဲ့သော မဟာသမယသုတ္တော်ကို သံဃာတော်များ သံပြိုင်ရွတ်ဖတ်သည်ကို ထိုနေ့ရောက်တိုင်း ရေဒီယိုမှကြားနာ**သည်** အရှင်ဘုရား။ ထိုမဟာသမယသုတ်ထဲ၌ နတ်များ၏အမည်ကိုဖော်ကျူးထားသော စကားများစွာရရှိပါသည်ဘုရား။

'ပနာဒေါ ဩပမညောစ၊ ဒေဝသူတောစ မာတလိ' ဟူသော ဂါထာနှင့် တွေ့ရပါသည်ဘုရား။ ထိုနတ်များထဲ၌ ပနာဒေါနတ်မင်းကို ဖော်ကျူးထားသောဂါထာတော်မှာ အပိုဒ်–၂၂ တွင်တွေ့ရှိနိုင်ပါသည်ဘုရား။ ဤမဟာသမယသုတ္တော်မှာ ထေရဝါဒဗုဒ္ဓဘာသာတို့၏ပိဋကတ်တော်လာ သုတ္တန်ဖြစ်ပါသည် ဘုရား။

## ထေရဝါဒကို ယုံကြည်သောမင်းများ

နောက်တချက်မှာ ဝေသာလီခေတ်တွင်အုပ်စိုးခဲ့ကြသောမင်းများဖြစ်ကြသည့် နိတိစန္ဒြား၊ ဝီရစန္ဒြားအစရှိသောမင်းများသည် သူတို့၏ကုသိုလ်ပြုတည်ထားခဲ့သောစေတီများတွင် 'ယေဓမ္မာ' ဂါထာတော်ကို ရေးထိုးထားသည့် ကျောက်တုံးများ၊ စတူပါများကို ဌာပနာတည်ထားခဲ့ကြပါ သည်ဘုရား။ ထိုကျောက်တုံးနှင့်စတူပါများ၌ ရေးထိုးထားသောစာများကို ယခုမြောက်ဦးပြတိုက်တွင် သိမ်းဆည်းထားရှိပါသည် ဘုရား။ တပည့်တော် အထက်ကတင်ပြခဲ့သည့်အတိုင်း ဗုဒ္ဓတရားတော်၏အဆီအနှစ်ဖြစ်ကြသော နိဗ္ဗာန်ကိုလက်ခံယုံကြည်သည့် ထေရဝါဒသာသနာကိုလက်ခံယုံကြည်သောမင်းများဖြစ်ကြ၍ ဤယေဓမ္မာဂါထာတော်ကို ဝေသာလီမင်းများအသုံး



ပြုနေကြခြင်းဖြစ်ပါသည် အရှင်ဘုရား။ ယင်းကြောင့် မဟာသူရိယတိုင်းစန္ဒြားမင်းကြီးမှစ၍ (ဝေသာလီခေတ် အေဒီ ၄–ရာစု) စန္ဒြားမင်းအဆက်ဆက်တို့ယုံကြည်ကိုးကွယ်ခဲ့ကြသောသာသနာမှာ မဟာယနသာသနာ မဟုတ်ဘဲ၊ စစ်မှန်သောထေရဝါဒသာသနာဖြစ်ကြောင်း မှတ်ယူရပါမည် ဘုရား။

## ဓညဝတီသို့ ဘုရားအရှင်ကြွခဲ့

ဓညဝတီအကြောင်းကို ပြန်လည်ဆက်ပါမည်။ ဓညဝတီ၌ ဘီစီ ၃–ရာစုမှာ သူရိယစက္ကမင်း ထီးနန်းစိုးစံလျက်ရှိပါသည်။ ထိုမင်းကနောက်သို့ ရေတွက်လျှင် ဘီစီ ၅–ရာစုသို့ရောက်ပါသည်။ ယင်းကြောင့် စန္ဒာသူရိယမင်းသည် ဓညဝတီ၌ ဘီစီ ၅–ရာစုတွင်အုပ်ချုပ်ခဲ့ကြောင်း သိရပါသည် ဘုရား။ ယခုလိုခြေရာကောက်နည်းဖြင့်လိုက်သောအခါ အတိအကျရရှိပါသည် ဘုရား။ ထိုအချိန်၌ အိန္ဒိယတွင် မြတ်စွာဘုရားပွင့်နေချိန်ဖြစ်ပါသည်။ ယင်းကြောင့် စန္ဒာသူရိယနန်းစံ၍ နှစ်ပေါင်း ၂၅–နှစ်အကြာတွင် ဗုဒ္ဓရှင်တော်သည် ဓညဝတီသို့ ကြွရောက်ခဲ့သည်ဟု ရခိုင်သမိုင်းအစောင်စောင်တွင် တညီတညွတ်တည်း ဖော်ပြထားပါသည်ဘုရား။ ယင်းကြောင့် ဓညဝတီ၌ စန္ဒာသူရိယမင်း အုပ်ချုပ်စဉ်တွင် မြတ်စွာဘုရားကိုယ်တော်တိုင် ကြွရောက်ခဲ့ခြင်းဖြစ်ပါသည် ဘုရား။

မြတ်စွာဘုရားကြွရောက်လာသောအကြောင်းကို ဓညဝတီမြို့၏ အနောက်ဘက်တောင်တန်း ကျောက်ဆောင်၌ သူရိယစက္ကမင်းကြီးသည် ဖြဟ္မီအက္ခရာဖြင့်ရေးထိုးထားခဲ့ပါသည်။ တပည့်တော်ငယ်စဉ်က ဆရာကြီးဦးစံရွှေဘုနှင့်အတူ ကူးယူခဲ့ပါသည်။ ထိုကျောက်ဆောင်မှာ မဟာမုနိကျောက်တော်လမ်းကိုလုပ်သောအခါ တူးဖြိုသဖြင့်ပျက်ပြုန်းခဲ့ရပါသည်။ ထိုကျောက်ဆောင်၌ ရေးထိုးထားသည့်စာကို ယခုခေတ်ပါဠိဘာသာဖြင့်ဆိုလျှင်–



'အထဒေါဘဂဝါ ဘိက္ခုသံဃံ ပါသာဒံ အာရုပေတွာ၊
ပဥ္စပါသာဒ သတပရိဝုတော၊ ဓညဝတီရဋ္ဌ အာကာသမဂ္ဂေန။
စာရိကံ စရမာနော ဓညဝတီမဟာနဂရဿ ပစ္ဆိမဒိသာဘာဂေ။
ကစ္ဆပနဒီယာ ပုရတ္ထိမတိရေ သေလာဂိရီ ပဗ္ဗတဗုဒ္ဓနိဩရော ဟိတွာ
ပတိဋ္ဌာတိ' ဖြစ်ပါသည်။

**အဓိပ္ပါယ်အတိုကောက်မှာ**။ ။ မြတ်စွာဘုရားသည် ကောင်းကင်ခရီးဖြင့် ပြာသာဒ်ရှင်ပုံငါးရာနှင့်ကြွရောက်ပြီးလျှင် ဓညဝတီမြို့၏အနောက်ဘက်ဖြစ်သော ကစ္ဆပနဒီကုလားတန်မြစ်ကြီး၏ အရှေ့ဘက်ကမ်းခြေရှိသော သေလာဂိရီမောရပဗ္ဗတအမည်ရှိသောတောင်ထိပ်၌ ရပ်တန့်တော်မူ၏။ ရပ်တန့်တော်မူပြီးလျှင် မြတ်စွာဘုရားသည် ဗျာဒိတ်တော်ပေးမည်ဖြစ်ပါသည်။

ဤကျောက်စာကိုထောက်ရှုခြင်းအားဖြင့် ရခိုင်ပြည်ကို မြတ်စွာဘုရား ကြွရောက်ခဲ့သည်မှာ ထင်ရှားနေပါသည်ဘုရား။ ယင်းကြောင့် တပည့် တော်တို့မှာ ခြေရာကောက်နည်းဖြင့် နောက်သို့တလှမ်းစီဆုတ်ပြီးလိုက်သောအခါ ဗုဒ္ဓသာသနာသည် ကွင်းဆက်မပြတ်ဘဲနှင့် ဓညဝတီခေတ်သို့ရောက်ရှိပါသည် ဘုရား။

## သမိုင်းရုပ်ကြွင်းက သက်သေခံ

ယင်းကဲ့သို့ ကျောက်စာ၊ ကျောက်ရုပ်၊ ပေစာများအတိအလင်း ရှိသော်လည်း၊ ယခုခေတ်ရိုက်နှိပ်သောပုံနှိပ်စာအုပ်တွင်မပါ၍ မယုံမှားယွင်းသည်ဆိုလျှင်လည်း မတတ်နိုင်ပါဘုရား။ တပည့်တော်တို့မှာ သမိုင်းရုပ်ကြွင်းဖြစ်သောကျောက်စာ၊ ကြေးပြား၊ ရွှေပြားစာ၊ ငွေပြားစာတို့ကသာ သက်သေခံ

နေပါသဖြင့် ယင်းစာများက မှားပြီး ယခုပုံနှိပ်တိုက်မှရိုက်နှိပ်သော စက္ကူမှာ ရေးသားထားသည့်စာကသာ မှန်သည်ဟုဆိုလျှင်လည်း တပည့်တော်တို့ ပြောစရာမလိုတော့ပါဘုရား။ ယင်းကြောင့် တပည့်တော်တို့မှာ ပါဠိအဋ္ဌကထာမှာ ပါရန် လိုအပ်မည် မထင်ပါဘုရား။ သက်သေခံသမိုင်းရုပ်ကြွင်းအထောက်အထားက ခိုင်မာနေပါပြီဘုရား။

## မဟာယနစကားတစ်လုံးမျှ မတွေ့

မဟာတိုင်းစန္ဒြားမင်းကြီးသည် သူနန်းတက်စအချိန်၌ ဝေသာလီဘုရားကြီးကိုတည်ပြီး ကျောက်စာရေးထိုးခဲ့ပါသည်။ အက္ခရာစာလုံးမှာ ဗြဟ္မီပွားဖြစ်ပါသည်။ အကြောင်းအရာမှာ 'ယေဓမ္မာ ဟေတု ပ ဘဝါ' ဂါထာတော်ဖြစ်ပါသည်။ သက္ကတအသံမထွက်ဘဲ ပါဠိသက်သက်ဖြစ်ပါသည်။ ထိုစာ၏နောက်ပိုင်း၌ ရေးထိုးထားသောကျောက်စာများမှာ သက္ကတအသံနှင့် ရေးထိုးထားသည်ကို တွေ့ရပါသည်။ ယေဓမ္မာစာလုံးများ၌ 'မ' အထက် တွင် 'ရေဖ' ခေါ်သော 'ရ–ကောက်' ကိုတင်ထားပါသည်။ ယေဓမ္မာ(ယေဓရ္မမှာ)လို့ ဖတ်ရပါသည်။ 'ဟေတုပဘဝါ' စာတမ်း၌လည်း 'ပ' စောက်အ ထက်တွင် 'ရေဖ' တင်ထားပါသည်။ ဟေတုပဘဝါ (ဟေတုပြဘဝါ) လို့ဖတ်ရပါသည်ဘုရား။ ယင်းကဲ့သို့ အဆင့်အဆင့်သုတေသနပြုလိုက်သောအခါ မဟာယနဂိုဏ်းက စကားတစ်လုံးလည်းမတွေ့ရပါ ဘုရား။

## သီဟိုဠ်(သီရိလင်္ကာ)နှင့် ဝါဒချင်းတူ

တပည့်တော်ပထမချပြခဲ့သော ဥပတိဿနှင့် ကောလိတအကြောင်းတွင် အရှင်အဿဇိမထေရ်ဟောကြားခဲ့သော 'ယေဓမ္မာ' ဂါထာတော် သည်



ဝေသာလီသို့ရောက်ရှိခဲ့ပါသည်။ ယင်းပြီးနောက် ဝေသာလီမင်းများသည် သီဟိုဠ်(သီရိလင်္ကာ)နှင့် သာသနာရေးကိစ္စများကို အပြန်အလှန်သွားရောက်ဆောင်ရွက်ကြောင်းနှင့် အာနန္ဒစန္ဒြားမင်းကြီးသည် သီဟိုဠ်(သီရိလင်္ကာ)သို့ အလှူပစ္စည်းများပို့သည်ဟု ကျောက်စာတွင်တွေ့ရှိရပါသည်။ သီဟိုဠ်(သီရိလင်္ကာ)သာသနာမှာ ထေရဝါဒဖြစ်၍၊ တပည့်တော်တို့ဝေသာလီတွင်လည်း ထေရဝါဒသာသနာထွန်းကားကြောင်း သိနိုင်ပါသည်ဘုရား။ ယင်းကြောင့် တပည့်တော်တို့ရခိုင်ပြည်သာသနာသည် မဟာယနဂိုဏ်းမှ သက်ဆင်းလာသော မဟာယနဂိုဏ်းမဟုတ်ဘဲ ဓညဝတီခေတ် ဘုရားကိုယ်တော်တိုင် ကြွရောက်ခဲ့စဉ်ကစပြီး ဖြစ်ပေါ်သက်ဆင်းလာသော ထေရဝါဒဗုဒ္ဓဘာသာဖြစ်ကြောင်း တပည့်တော်လျှောက်ထားပါသည် ဘုရား။

### ★ မေးခွန်းနံပါတ် (၂)

ဗုဒ္ဓ၏ပါဠိတော်အဋ္ဌကထာစသည်တို့တွင်မပါရှိဘဲ မြတ်စွာ ဘုရားသည် ဓညဝတီပြည်သို့ကြွရောက်ပြီး ကျောက်တော်တောင်၌ ရုပ်တန့် ခဲ့သည်ဟု ရေးသားပြောဆိုကြသည်။ ဤအကြောင်းကိုလည်း ဖြေရှင်းပေးပါ။

### ★ မေးခွန်းနံပါတ် (၃)

ဗုဒ္ဓ၏ပါဠိတော်အဋ္ဌကထာစသည်တို့၌ မပါရှိဘဲ မြတ်စွာ ဘုရားသည် စန္ဒာသူရိယမင်းကြီးနှင့်တွေ့ဆုံပြီး မဟာမုနိဘုရားကို သွန်းလုပ် ခဲ့သည်ဟု ရေးသားပြောဆိုကြသည်။ ဤအကြောင်းကိုလည်း ဖြေရှင်းပေးပါ။

အရှင်ဘုရား၏မေးခွန်းနံပါတ်(၂) နှင့် (၃)ကို တပေါင်းတည်းဖြေကြားလိုပါသည်။ မေးခွန်းများမှာ တသဘောတည်းဖြစ်နေခြင်းကြောင့်ပါ ဘုရား။ တပည့်တော်သည် ရခိုင်ပြည်သို့ ဗုဒ္ဓသာသနာရောက်လာပုံကို နံပါတ်(၁)



မေးခွန်းအပေါ် အသေးစိတ်ရှင်းလင်းထားပြီးဖြစ်ပါသည်ဘုရား။ နောက်ထပ်လျှောက်ထားပါမည်ဘုရား။ တပည့်တော်တို့ရခိုင်ပြည်တွင် ယခုကိုးကွယ်နေသောဗုဒ္ဓသာသနာမှာ မြောက်ဦးခေတ်ဘုရင်များအုပ်စိုးခဲ့သောကာလမှ ဆက်ခံယူခဲ့သော ဗုဒ္ဓအယူဝါဒဖြစ်ပါသည်ဘုရား။

မြောက်ဦးခေတ်မတိုင်မီ လောင်းကြက်မြို့ရှိခဲ့ပါသည်။ ထိုမြို့ကိုအုပ်စိုးခဲ့ကြသောဘုရင်များမှာလည်း ဗုဒ္ဓဘာသာမင်းများဖြစ်ပါ၍ သာသနိကအဆောက်အဦးများစွာ တည်ဆောက်ခဲ့ကြပါသည်။ ရဟန်းပညာရှိများထွန်းကားခဲ့ကြပါသည်။ ဤလောင်းကြက်ဘုရင်များသည် ဗုဒ္ဓဘာသာကိုနေရဉ္စရာမြို့တွင်အုပ်စိုးခဲ့သော ဘုရင်များထံမှတဆင့် လက်ခံယူခဲ့ခြင်းဖြစ်ပါသည်။ နေရဉ္စရာမြို့တွင်ထွန်းကားခဲ့သောဗုဒ္ဓဘာသာမှာ ပုရိန်မြို့မှဆင်းသက်သောဗုဒ္ဓဘာသာဖြစ်ပါသည်။ ပုရိန်မြို့တွင်အုပ်စိုးခဲ့သောဘုရင်များသည် ပဥ္စာမြို့မှဗုဒ္ဓသာသနာကို တဆင့်လက်ခံယူခဲ့ကြပါသည်။ ပဥ္စာမြို့ ဗုဒ္ဓသာသနာမှာလည်း ဝေသာလီမြို့မှဆင်းသက်လာခြင်းဖြစ်ပါသည်။ ဝေသာလီမြို့ကိုတည်ဆောက်ခဲ့သော မဟာတိုင်းစန္ဒြားမင်းကြီးသည် မဟာမုနိဘုရားတွင် ကုသိုလ်ကောင်းမှုပြုခဲ့ပါသည်။ သိမ်တော်နှင့် ပလ္လင်တော်များကို အသစ်တဖန်တည်ဆောက်ခဲ့ကြောင်း သမိုင်းမှတ်တမ်းများ၌တွေ့ရပါသည်။

တပည့်တော်ရှေ့ကလျှောက်ထားခဲ့သည့်အတိုင်း ထိုမင်းကြီးကုသိုလ်ကောင်းမှုပြုခဲ့သည်ကို မဟာမုနိဘုရားကုန်းတော် ဒုတိယအဆင့်အရှေ့မြောက်ဘက်ရှိ 'ယက္ခသေနာပတိပနာဒ' ရုပ်တုတွင် ရေးထိုးခဲ့ပါသည်။

## အမှန်ရှိခဲ့သောမြို့တော်

ဤကဲ့သို့ မဟာတိုင်းစန္ဒြားမင်းသည် မဟာမုနိသိမ်တော်ကို အသစ်



တဖန်ပြန်လည်တည်ဆောက်ခဲ့သည်ဟုဆိုသဖြင့် မဟာတိုင်းစန္ဒြားမင်းကြီးမတိုင်မီကပင် သိမ်တော်အဟောင်းနှင့် မဟာမုနိရုပ်ရှင်တော်မှာရှိနှင့်နေပြီး ဖြစ်ကြောင်း သိရှိရပါသည်။ ယင်းသို့ဖြစ်လျှင် ဝေသာလီခေတ်မတိုင်မီ မည်သည့်ခေတ်ရှိသည်ကို ခြေရာကောက်အတိုင်းလိုက်ပါလျှင် ဓညဝတီခေတ်ကိုတွေ့ရပါသည်ဘုရား။ ဓညဝတီမြို့တော်မှာ စိတ်ကူးယဉ်ပြီးရေးသာခဲ့သောမြို့တော် မဟုတ်ကြောင်း လေယာဉ်မှရိုက်ကူးထားသောဓါတ်ပုံကိုကြည့်ခြင်းအားဖြင့် သိရှိနိုင်ပါသည်ဘုရား။ အမှန်တကယ်ရှိခဲ့သောမြို့ဖြစ်ကြောင်း ပြည်တွင်း–ပြည်ပ သမိုင်းပညာရှင်များ လက်ခံကြပါသည်ဘုရား။

## သဗ္ဗဒါနပ္ပကာရနကျမ်းမှာရှိ

တပည့်တော်တို့သမိုင်းများတွင်လည်း တတိယဓညဝတီမြို့တော်ကို စန္ဒာသူရိယမင်းကြီးတည်ခဲ့ကြောင်း ဖတ်ရှုရပါသည်။ ဤစန္ဒာသူရိယဘုရင် ဓညဝတီ၌အုပ်စိုးစဉ်ကာလမှာ မြတ်စွာဘုရားရှင် အနောက်မဇ္ဈိမဒေသ၌ရှိနေချိန်ဖြစ်ပါသည်။ တပည့်တော်လက်ထဲတွင်ရှိနေသော 'သဗ္ဗဒါနပ္ပကာရန' ကျမ်းတွင် စန္ဒာသူရယမင်းကြီးလက်ထက် ဘုရားရှင်ကိုယ်တော်တိုင် ကြွရောက်ပြီး မဟာမုနိရုပ်ရှင်တော်ကိုသွန်းလုပ်ခဲ့ကြောင်း အသေးစိတ်ရေးသားထားပါသည်။

## ကျောက်စာတသက်သေခံ

၄င်းအပြင် တောင်ပေါက်ကြီးကျောက်စာကလည်း သက်သေခံနေပါသည်ဘုရား။ မြတ်စွာဘုရားသည် စန္ဒာသူရိယမင်းကြီးအား ဓမ္မစကြာတရားတော်နှင့် ရုပ်တု၊ဆင်းတုတော်များကို တည်ထားကိုးကွယ်ခြင်းဖြင့် ရရှိအပ်သော

အကျိုးတရားများကို 'သတ္တုပိမ္မပူဇနိယနိသေသသုတ္တန်'ဟူ၍ မူရင်းပေစာလည်းရှိပါသေးသည်ဘုရား။

## ဂုဏ်ပြုထားသည့်ရုပ်တု

စန္ဒာသူရိယမင်းကြီးအား မြတ်စွာဘုရား ဓမ္မစကြာတရား ဟောကြားနေဟန် ထုလုပ်ထားသောကျောက်ပြားတစ်ချပ်ကိုလည်း တွေ့ရှိရပါသည်။ ဝေသာလီမဟာတိုင်းစန္ဒြားမင်းကြီးက စန္ဒာသူရိယမင်းကြီးအား ဂုဏ်ပြုထုလုပ်ထားသောရုပ်တုဖြစ်ဟန်ရှိပါသည်။

မြတ်စွာဘုရားရှင်သည် ရခိုင်ပြည်ဓညဝတီသို့ ကြွရောက်ခဲ့စဉ်က သေလာဂီရိတောင်ပေါ်၌ရုပ်တန့်ခဲ့ပြီး ဗျာဒိတ်ချမှတ်ခဲ့ကြောင်း 'သဗ္ဗဒါနပ္ပကာရန'ကျမ်းတွင် အသေအချာဖော်ပြထားပါသည်။ 'ချစ်သားအာနန္ဒာ ငါသည်ဘုရားဖြစ်ရန်အတွက် ဆယ်ပါးသောပါရမီတော်ကြီးနှင့် သုံးဆယ်သောပါရမီတော်ငယ်များကို ဖြည့်ဆည်းသောကာလ၌ ဤဓညဝတီပြည်တွင် အလီလီလူအဖြစ် ကျင်လည်ခဲ့ဖူးသည်။ ယခု ငါရပ်တန့်နေသော သေလာဂီရိတောင်၏အနီးအပါးပတ်ဝန်းကျင်တွင် ပန်းပွတ်သမားအဖြစ်နှင့် ငါ နေထိုင်ခဲ့သည်။ ငါပရိနိဗ္ဗာန်စံလွန်ပြီးနောက်ကာလ၌ ငါ၏ကျောရိုးတော်ဓါတ်ကို ဌာပနာ၍ စေတီတည်လတ္တံ့။ ကျောရိုးတော်ဓါတ်စေတီတွင်လတ္တံ့'ဟု ဗျာဒိတ်ပေးခဲ့ပါသည်။ ထိုဓါတ်တော်ကို နောက်ကာလတွင် ကျောက်တော်ဓါတ်စေတီဟုခေါ်တွင်ခဲ့ပါသည်။ ထိုအမည်ကိုအစွဲပြု၍ မြစ်တဘက်ရှိမြို့ကိုလည်း ကျောက်တော်မြို့ဟုခေါ်တွင်ခဲ့ပါသည်။ ထိုနာမည်ကိုအစွဲပြု၍ မြစ်တဘက်ရှိမြို့ကိုလည်း ကျောက်တော်မြို့ဟုခေါ်တွင်ခဲ့ပါသည်။



## ရုပ်ရှင်တော်သွန်းလုပ်ကြောင်းယုံကြည်

ဤကဲ့သို့ ဘုရားဗျာဒိတ်ဝင်ဓါတ်တော်စေတီ ၂၄၈-ဆူ ရှိခဲ့ပါသည်။ ဤဓါတ်တော်စေတီများကို ဝေသာလီပြည်ရှင် မဟာတိုင်းစန္ဒြားမင်းကြီးသည် ပြန်လည်ပြုပြင်ခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရှိရပါသည်။ ဤအကြောင်းကိုထောက်ရှု၍လည်း ထိုဓါတ်တော်စေတီများမှာ ဝေသာလီခေတ်မတိုင်မီကပင် ရှိနှင့်ခဲ့ပြီဖြစ်ကြောင်း သိရှိနိုင်ပါသည်။ ရခိုင်သမိုင်းစာပေ အထောက်အထားအရလည်းကောင်း၊ ရုပ်ဝတ္ထုသက်သေဖြင့်လည်းကောင်း ကိုက်ညီနေပါ၍ စန္ဒာသူရိယမင်းကြီးလက်ထက် မြတ်စွာဘုရားရှင် ဓညဝတီသို့ကြွရောက်ပြီး မဟာမုနိရုပ်ရှင်တော်ကို သွန်းလုပ်ခဲ့ကြောင်းယုံကြည်ပါသည်။

## မန္တလေးမဟာမုနိဘယ်တရ

နောက်တစ်ချက်က ဆရာတော်တို့မန္တလေးမြို့တွင်ရှိနေသော မဟာမုနိဘုရားကို ဘယ်ကရယူခဲ့ပါသလဲဘုရား။ ဤမဟာမုနိဘုရားကို ဘိုးတော်ဘုရား၏သားတော် ဥပရာဇာသည် ရခိုင်ပြည်ကပင့်ယူခဲ့ခြင်း မဟုတ်ပါလားဘုရား။ ဤဘုရားကြီးသမိုင်းမှာလည်း ရခိုင်ပြည်ဓညဝတီပြည့်ရှင် စန္ဒာသူရိယမင်းသွန်းလုပ်ခဲ့ကြောင်းကိုသာ သမိုင်းစာပေအစောင်စောင်၌ တညီတညွတ်တည်း ဖော်ပြထားကြပါသည်ဘုရား။ မြတ်စွာဘုရားကိုယ်တော်တိုင် ရခိုင်ပြည်သို့ကြွရောက်ခဲ့၍ သေလာဂီရိတောင်ပေါ်၌ တထောက်ရပ်တန့်ခဲ့ပြီး စန္ဒာသူရိယမင်းကြီးလျှောက်ထားသဖြင့် နန်းတော်သို့ကြွရောက် သီတင်းသုံးပြီး မဟာမုနိရုပ်ရှင်တော်ကိုသွန်းလုပ်ခဲ့သည်မှာ မှန်ကန်ကြောင်းဖြေကြား လိုပါသည် ဘုရား။



## ★ မေးခွန်းနံပါတ် (၄)

သင်္ဂါယနာခြောက်တန်၌မပါဘဲလျက် ရခိုင်ပြည်ဝေသာလီ ရွှေတောင်ကြီး၌ စတုတ္ထသင်္ဂါယနာကိုတင်ခဲ့သည်ဟု ရေးသားပြော ဆိုကြသည်။ ဤအကြောင်းကိုလည်း ဖြေရှင်းပေးပါ။

ဤမေးခွန်းနှင့်ပတ်သက်၍ တပည့်တော်အရှည်ဖြေကြားရမည်ဖြစ်ပါသည် ဘုရား။ ဘုရားပရိနိဗ္ဗာန်စံလွန်ပြီးမကြာမီကာလတွင်အဇာတသတ်မင်းကြီးသည် ပထမအကြိမ်သင်္ဂါယနာတင်ခဲ့ပါသည် ဘုရား။ တင်ရသောအကြောင်းအရင်း၊ တင်ခဲ့သောနေရာနှင့် တိုင်းပြည်၊ တင်ရာ၌အားပေးအားမြှောက်ပေးသောဘုရင်၊ တင်ရာ၌ပါဝင်သောရဟန္တာများ၊ ဦးဆောင်သောရဟန္တာ၊ ရည်ညွှန်းသောဂါထာပုဒ်၊ ပါဠိစသည်အားဖြင့် အင်္ဂါဆယ်တန်နှင့် ပြီးအောင်တင်ခဲ့ကြောင်းဖတ်ရှုရပါသည်။

## ပဥ္စမသင်္ဂါယနာ

တပည့်တော်တို့ရခိုင်ပြည်ဖက်မှစာပေတို့မှာ သင်္ဂါယနာအကြောင်းနှင့်ပတ်သက်၍ သင်္ဂါယနာကြီး၊ သင်္ဂါယနာချေ(ငယ်)ဟူ၍ နှစ်မျိုးနှစ်စားတွေ့ရှိရပါသည်။ သင်္ဂါယနာကြီးများကို နံပါတ်စဉ်အတိုင်းရေတွက်ပြီးလျှင် သင်္ဂါယနာငယ်များကိုတော့ မိမိတို့၏တိုင်းပြည်များအတွင်း၌ နံပါတ်စဉ်တပ်ထားခဲ့ကြပါသည်။ လေးမြို့ခေတ် ပဥ္စာမြို့၌ ဘုရင်မင်းရင်ဖြူသည် ကေဒသမမြောက်သင်္ဂါယနာကိုတင်ခဲ့သည်ဟူ၍ ရေးသားထားချက်တွေ့ရပြီးလျှင် ပဥ္စမမြောက်သင်္ဂါယနာကိုလည်းတင်၏ဟုလည်း ရေးသာထားပါသည်။ ဘုရင်တစ်ပါးတည်း သင်္ဂါယနာနှစ်ကြိမ်တင်ကြောင်းသိရှိရပါသည်။ ဤသို့ဖြစ်လျှင် မင်းရင်ဖြူသည် သင်္ဂါယနာကြီးကို ပဥ္စမအကြိမ်တင်ပြီးလျှင်၊ သင်္ဂါယနာငယ်ကို



တစ်ဆယ့်တစ်ကြိမ်မြောက်တင်မည်ဟုမှတ်သားရပါသည် ဘုရား။

## သမိုင်းမှတ်တမ်းမှာတွေ့

တပည့်တော်တို့ သင်္ဂါယနာတင်ခြင်းဆိုင်ရာ ရခိုင်ပြည်သို့စီးဆင်းလာသောရေစီးကြောင်းကိုသာ လျှောက်ထားပါသည်ဘုရား။ တပည့်တော် ရှေ့က လျှောက်ထားခဲ့သည့်အတိုင်း တပည့်တော်တို့ရခိုင်ပြည်တွင် မိမိတို့၏သာသနာဆိုင်ရာဆင်းသက်လာပုံသည်လည်းကောင်း၊ မိမိလူမျိုးတို့ဆင်းသက်လာပုံကိုလည်းကောင်း၊ မြို့ပြအုပ်ချုပ်ရေး၊ ရှင်ဘုရင်ဆက်များစဉ်ဆက်ဆင်းသက်လာပုံကိုလည်းကောင်း သီးခြားတွေ့ရှိရပါသည်။ ဤအကြောင်းများကို မိမိတို့၏သမိုင်းမှတ်တမ်းများမှာသာ တွေ့ရှိရမည်ဖြစ်ပါသည်ဘုရား။

မြတ်စွာဘုရားပရိနိဗ္ဗာန်စံလွန်ပြီးနောက် မကြာမြင့်မီကာလတွင် ပထမအကြိမ်သင်္ဂါယနာကို ရာဇဂြိုဟ်၌ ကျင်းပပြုလုပ်ခဲ့ကြပါသည်။ အဇာတသတ်မင်းကြီးက အထောက်အကူပြုပြီး အရှင်မဟာကဿပက ဦးဆောင်ခဲ့ပါသည်။ အရှင်မဟာကဿပမေးသမျှ အရှင်အာနန္ဒာကဖြေကြားပြီး နူတ်တိုက်ရွတ်၍ သင်္ဂါယနာတင်ခဲ့ကြပါသည်။ အဘယ်ကြောင့် သင်္ဂါယနာတင်ခဲ့သည်ဆိုသော် မြတ်စွာဘုရားပရိနိဗ္ဗာန်စံလွန်သောအခါ လောင်းတော်ကို နံ့သာထင်းများစုပုံပြီး မီးသဂြိုဟ်ရန်အတွက် မီးရှို့သော်လည်း ထင်းများမှာ မီးမလောင်ပါဘုရား။

အဘယ့်ကြောင့်ဆိုသော် ဘုရားရှင်၏တပည့်ကြီးဖြစ်သော မဟာကဿပမရောက်သေးသောကြောင့်ပါဘုရား။ တပည့်ငါးရာဖြင့် ခရီးလမ်းမှာ ရှိနေပါသေးသည်။ အရှင်မဟာကဿပ၏တပည့်ရဟန်းများမှာ ပုထုဇဉ်များဖြစ်ကြသည့်အတွက် ဘုရားရှင်ပရိနိဗ္ဗာန်စံလွန်ပြီး ကြွင်းကျန်ရစ်သော ဓါတ်

တော်များကိုမမြင်ရလျှင် ဘုရား၏ကိုယ်ခန္ဓာမဖြစ်သောဓါတ်တော်များကို ယုံမှားသံသယဖြစ်ဖွယ်ရှိပါသည်ဘုရား။ မိမိမျက်မြင်ကိုယ်တွေ့မှသာ မြတ်စွာဘုရား၏ကိုယ်ကာယတော်မှ ဓါတ်တော်များကြွင်းသည်ကို ယုံကြည်မည် ဖြစ်ပါသည်ဘုရား။ နောက်တစ်ချက်က ရဟန်းတော်များသည် မြတ်စွာဘုရားကို အသက်ရှင်စဉ်ကဖူးမြော်ရသော်လည်း ပရိနိဗ္ဗာန်စံလွန်သော အလောင်းတော်ကိုဖူးမြင်ရလျှင် ဘုရားရှင်အပေါ် ကြည်ညိုသဒ္ဒါပွားများ စေရန်အတွက် မီးမလောင်ခြင်းဖြစ်ပါသည်။

အရှင်မဟာကဿပနှင့် ရဟန်းများတို့သည် ကုသိနာရုံပြည်သို့ လာလမ်းတွင် တစ်ခုသောသစ်ပင်ရိပ်၌နားနေတော်မူခဲ့ပါသည်။ ထိုအချိန်၌ တက္ကတွန်းတစ်ယောက်သည် မန္ဒာရာဇ်နတ်ပန်းကိုထီးလုပ်၍ဆောင်းပြီးလျှင် ကုသိနာရုံပြည်ဘက်မှ ပါဝါပြည်ဘက်သို့လာနေသည်ကို အရှင်မဟာကဿပ မြင်ခဲ့ပါသည်။ ထိုတက္ကတွန်းပြောပြချက်အရ မြတ်စွာဘုရားပရိနိဗ္ဗာန်စံလွန်ကြောင်း ကြားသိခဲ့ရပါသည်။ မြတ်စွာဘုရားပရိနိဗ္ဗာန်စံလွန်ကြောင်းကြား သိရသောအခါ အရှင်မဟာကဿပနှင့်ပါလာခဲ့သော သုဘဒ္ဒရဟန်းသည် ဘုရားပရိနိဗ္ဗာန်စံလွန်သဖြင့် ငိုကြွေးနေကြသောရဟန်းတို့အား မငိုကြ ရန်ပြော ပြီး 'ဂေါတမမြတ်စွာဘုရားသည် ရဟန်းများကို ဤသည်သောအရပ်၌မရပ်ရ၊ ဤသည်သောအကျင့်ကိုမကျင့်ရစသည်ဖြင့် ငါတို့အားချုပ်ချယ်ခဲ့သည်။ ယခု ငါတို့ ပြုလိုရာကိုပြုနိုင်ပြီ' ဟုဆိုခဲ့သည်။

## ပထမသင်္ဂါယနာတင်

ထိုသုဘဒ္ဒရဟန်း၏စကားကိုကြားမိသော အရှင်မဟာကဿပ သည် များစွာတုန်လှုပ်မိခဲ့ပါသည်။ မြတ်စွာဘုရားရှင်ပရိနိဗ္ဗာန်စံလွန်သည်



မှာ ခုနစ်ရက်တပတ်သာရှိသေးသည်။ ဘုရားဟောတရားတော်များနှင့် ဝိနည်းတော်များကို မျက်ကွယ်ပြုမည့်အရိပ်အရောင်ပေါ်နေပြီ၊ သာသနာတော် ဆုတ်ယုတ်ရန်အကြောင်းများဖြစ်ပေါ်လာနိုင်သည်ဟု စိတ်၌မှတ်သားမိ ခဲ့ပါသည်။

ယင်းကြောင့် ဘုရားရှင်ဟောသမျှကို ရဟန်းသံဃာတော်များမှာ စုပေါင်း၍ ပြန်လည်ရွတ်ဆိုသင်္ဂါယနာတင်ရန် အကြောင်းဖြစ်ခဲ့ပါသည် ဘုရား။ ယင်းကြောင့် အရှင်မဟာကဿပအမှူးပြုသော ရဟန္တာ ၅၀၀ ရာတို့သည် ပထမ သင်္ဂါယနာကိုတင်ခဲ့ကြခြင်း မဟုတ်ပါလား ဘုရား။

## ဒုတိယသင်္ဂါယနာ

မြတ်စွာဘုရားပရိနိဗ္ဗာန်စံလွန်၍ နှစ်ပေါင်းတရာကြာသောအခါ ဝဇ္ဇီ တိုင်းသားရဟန်းတို့သည် ဝိနည်းသိက္ခာပုဒ်တော်များ၌ ပြင်ဆင်ချက် ၁၀–ချက် ကိုပြုလုပ်ခဲ့ပါသည်။ ဘုရားရှင်၏ဝိနည်းတော်ကို ဖီဆန်၍လာခဲ့ကြသည်။ ယင်း ကြောင့် ဝေသာလီပြည်တွင် ကာလသောကမင်းကြီးက တကာပြု၍ အရှင် မဟာကဿပအမှူးပြုသော ရဟန္တာ ခုနစ်ရာတို့သည် ဒုတိယသင်္ဂါယနာကို တင်ခဲ့ပါသည်ဘုရား။

## တတိယသင်္ဂါယနာ

တတိယအကြိမ်သင်္ဂါယနာကို ပါဋလိပုတ်ပြည်ရှင်အသောက မင်းကြီးက တကာပြု၍ ရဟန္တာအရှင်မောဂ္ဂလိပုတ္တတိဿမထေရ်ကြီးအမှူး ပြုလျက် ရဟန္တာ တထောင်တို့တင်ခဲ့ပါသည်။ ဤသည်တို့မှာ မဇ္ဈိမဒေသ၌ တင်ခဲ့သော သင်္ဂါယနာသုံးတန်ဖြစ်ပါသည်ဘုရား။

## စတုတ္ထသင်္ဂါယနာ

တပည့်တော်တို့ရခိုင်ဝေသာလီတွင် စတုတ္ထသင်္ဂါယနာတင်ခဲ့ကြောင်း လျှောက်ထားပါမည်ဘုရား။ ဝေသာလီခေတ် အေဒီ ၄–ရာစုမှ ၉–ရာစုထိ ထွန်းကားခဲ့သောခေတ်ဖြစ်ပါသည်။ ထိုဝေသာလီမင်းများတို့သည် ထေရဝါဒဗုဒ္ဓဘာသာဝင်များဖြစ်ကြသဖြင့် သီဟိုဠ်နိုင်ငံနှင့် လူမှုရေးအရသော်လည်းကောင်း၊ ဘာသာရေးအရသော်လည်းကောင်း ဆက်ဆံမှုရှိခဲ့ပါသည်။ ယင်းကြောင့် ဝေသာလီဘုရင်သီရိစန္ဒြား(သီရိဓမ္မဝိဇယ)မင်းသည် သီဟိုဠ်မှ သံဃာတစ်ထောင်ကိုပင့်ဆောင်ပြီး၊ ရခိုင်မှသံဃာတစ်ထောင် စုစုပေါင်း သံဃာနှစ်ထောင်တို့ဖြင့် စတုတ္ထသံဃာယနာကို ဝေသာလီရွှေတောင်ကြီးတွင် ကျင်းပခဲ့ပါသည်။

## မေဓပညာမော်ကွန်းမှာ

အကြီးအမှူးပြုသောပုဂ္ဂိုလ်မှာ ခုဋ္ဌရေဝရဟန္တာမထေရ်ကြီးဖြစ်ပါသည်။ သုံးနှစ်ကြာအောင် ကြေးပြားငါးထောင်ပေါ်တွင်ရေးသားပြီး သင်္ဂါယနာ တင်ခဲ့ကြောင်း မေဓပညာမော်ကွန်းစာတွင် တွေ့ရပါသည်ဘုရား။ သံဃာတော်များသီတင်းသုံးနေနိုင်ရန် ရွှေတောင်ကြီးကိုညီစွာညှိပြီး ကျောင်းတော်ကြီးငါးဆောင် ဆောက်လုပ်ခဲ့ကြောင်း ထိုမော်ကွန်းအရသိရှိရပါသည်ဘုရား။ ယနေ့တိုင် ကျောင်းတော်ရာများကို တွေ့နိုင်ပါသေးသည်ဘုရား။ မဇ္ဈိမဒေသတွင် အသောကမင်းကြီးတင်ခဲ့သော သင်္ဂါယနာသည် တတိယအကြိမ်ဖြစ်သဖြင့် ထိုတတိယအကြိမ်မှဆက်လက်ရေတွက်ခဲ့သောကြောင့် ဝေသာလီတွင် တင်ခဲ့သောသင်္ဂါယနာမှာ စတုတ္ထအကြိမ်ဖြစ်ပါသည်ဘုရား။



## သင်္ဂါယနာကြီး

သင်္ဂါယနာတင်ရာတွင် ဘုရားရှင်၏ပိဋကတ်တော်များကို သိကျွမ်းနိုင်သော ရဟန္တာများပါဝင်မှသာ အထမြောက်ကြောင်းသိရှိရပါသည် ဘုရား။ ယင်းကဲ့သို့ ရဟန္တာများပါဝင်၍တင်ခဲ့သောသင်္ဂါယနာများကို ရခိုင်တို့က သင်္ဂါယနာကြီးဟုခေါ်ပါသည်။ ဝေသာလီတွင်တင်ခဲ့သောသင်္ဂါယနာ နှင့် ရခိုင်ပြည်မှ ဝိပဿနာဓုရ ရဟန်းငါးရာ၊ ဂန္ထဓုရ ရဟန်းငါးရာပါဝင်ပြီး၊ သီဟိုဠ်ကလည်း ထိုအတိုင်း ပါဝင်ခဲ့ကြောင်း မော်ကွန်းအရသိရပါသည်ဘုရား။ ဤကြောင်းများကို တပည့်တော်တို့မှာ ဆင်းရဲမွဲတေနေ၍ ပုံနှိပ်ထုတ်ဝေဖို့ မတတ်နိုင်သေးပါဘုရား။ ထုတ်ဝေဖို့ပုဂ္ဂိုလ်များလည်း မရှိသေးပါဘုရား။ ရေးသားနိုင်သောပုဂ္ဂိုလ်များသာ ရှိပါသေးသည်ဘုရား။ ယင်းကဲ့သို့ စာပုံနှိပ်ပြီးထုတ်ဝေနိုင်သဖြင့် သိရှိသူနည်းပါးနေပါသည်။ ရှိလျက်နှင့်နည်းနေခြင်းသာဖြစ်ပါသည်။ တချိန်ချိန်မှာ ထွက်ပေါ်လာပါလိမ့်မည်။

သင်္ဂါယနာတင်သည့်ကိစ္စနှင့် တပည့်တော်တစ်ခု လျှောက်ထားနိုင်ပါသည်ဘုရား။ သင်္ဂါယနာတင်ခြင်းမှာ မြတ်စွာဘုရားသဗ္ဗညုတဉာဏ်တော်ရသည်မှစပြီး ဝါဆိုလကပင် ပရိနိဗ္ဗာန်စံသည်ကာလအထိ လေးဆယ့်ငါးဝါအတွင်းဟောကြားခဲ့သော ပိဋကတ်တော်များကိုသင်္ဂါယနာတင်ခဲ့ပါသလား။ သို့မဟုတ် သီရိဓမ္မာသောကမင်းကြီးလက်ထက် ဗုဒ္ဓသာသနာတော်သန့်စင်ခဲ့သည့်အကြောင်းများကိုပါ တတိယအကြိမ်သင်္ဂါယနာတင်သည်မှာ ထည့်သွင်းပါသလားဘုရား။ ထိုနည်းတူ သီဟိုဠ်တွင် စတုတ္ထသင်္ဂါယနာ တင်ခဲ့သော ဝဋ္ဋဂါမဏိမင်းကြီး၏ဆောင်ရွက်ချက်များကိုပါ စတုတ္ထသင်္ဂါယနာတွင် ရေးသားမှတ်တမ်းတင်ခဲ့ပါသလားဘုရား။ တပည့်တော်တို့ ဝေသာလီတွင်တင်ခဲ့သောသင်္ဂါယနာအကြောင်းကို စာပေများ၌လည်းကောင်း၊ သမိုင်းရပ်



ကြွင်းအထောက်အထားအရလည်းကောင်း တွေ့ရှိရပါသည်။ တပည့်တော်တို့နှင့်တကွ နိုင်ငံခြားသုတေသီတို့ကပါ လက်ခံထားပါသည်ဘုရား။

## ★ မေးခွန်းနံပါတ် (၅)

ရခိုင်ပြည်ရှိဓါတ်တော်များကို ကျောရိုးတော်ဓါတ်၊ ဦးရာဇ်တော်ဓါတ်၊ လည်ရိုးတော်ဓါတ်စသည်ဖြင့် အမျိုးမျိုးအမည်ပေးထားကြသည်။ ဤအကြောင်းကိုလည်း ပါဠိတော်အဋ္ဌကထာမှာ မတွေ့ရ၍ ဖြေရှင်း ပေးပါ။

ဘုရားသခင်ပရိနိဗ္ဗာန်စံလွန်၍ မီးလောင်ကျွမ်းသောအခါ၊ ဓါတ်မွေတော်နှစ်မျိုး ကြွင်းကျန်ရစ်ခဲ့ပါသည်။ တစ်မျိုးမှာ အသမ္ဗိန္နဓါတ်တော်နှင့် သမ္ဗိန္နဓါတ်တော်များဖြစ်ကြပါသည်ဘုရား။ အသမ္ဗိန္နဓါတ်တော်များမှာ နဖူးသင်းကျစ်တော်တစ်ဆူ၊ ညှပ်ရိုးတော်နှစ်ဆူ၊ စွယ်တော်လေးဆူဖြစ်ပါသည်။ သမ္ဗိန္နဓါတ်တော်များမှာ အရောင်သုံးမျိုးနှင့် အရွယ်အစားသုံးမျိုးကြွင်းကြောင်း ရခိုင်ဓါတုဝင်ကျမ်း၌ ရေးသားထားပါသည်။ မြတ်စွာဘုရား၏တကိုယ်လုံး မှဓါတ်တော်ပေါင်း ရှစ်စရွတ်ကြွင်းပါသည်။ ကွမ်းစားအားဖြင့် တဆယ့် ခြောက်ကွမ်းစားဖြစ်ပါသည်။ အရောင်အဆင်းအားဖြင့် ရွှေရော၊ ပွတ်သစ်စခရုသင်းရောင်၊ ချရားစေ့ရောင်တို့ဖြစ်ကြပါသည်။ ဘုရားရှင်၏ကြွင်းကျန်လိုက်သောဓါတ်တော်များကို နှစ်ပြည်ထောင်မင်းတို့အား ဒေါနပုဏ္ဏားက ဝေပေးရ၏။ မိမိအရပ်ဒေသတို့တွင် ကိုးကွယ်ခဲ့ကြပါသည်။ ထိုဓါတ်တော်များကို မကြာမီ အဇာတသတ်မင်းသည် တိုက်ခိုက်ယူပြီး ရာဇဂြိုဟ်ပြည်မှာ မြေထဲစေတီတည်၍ထားခဲ့ပါသည်။ ဓါတ်တော်အကြောင်း ဤနေရာတွင်ဆုံးနေပါပြီ။ ဤသည်ကား ပေါင်တော်ဓါတ်၊ မျက်လုံးတော်ဓါတ်၊



လည်ရိုးတော်ဓါတ်စသည်ဖြင့် အဋ္ဌကထာမှာမပါရှိပါ။

## ဓါတ်တော်များရရှိပုံ

သို့သော် ဓါတ်တော်များမှာ ယနေ့ရခိုင်ပြည်၌ အမည်နာမနှင့်တကွတည်ရှိနေသေးသည်။ ဤဓါတ်တော်များ ရခိုင်ပြည်သို့ ဘယ်ပုံဘယ်နည်း ရောက်ရှိလာသည်ကို ရှင်းလင်းလျှောက်ထားပါသည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်ပြီး နှစ်ပေါင်း ၂၁၈–နှစ်အကြာတွင် ပါဋလိပုတ်ပြည်၌ သီရိဓမ္မာသောကမင်းကြီး ထီးနန်းစိုးစံခဲ့ပါသည်။ ထိုမင်းကြီးသည် ဓမ္မခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ကိုရည်စူးပြီး စေတီတည်လိုသဖြင့် မြတ်စွာဘုရား၏ဓါတ်တော်မွေတော်များကို ရှာဖွေခဲ့ပါသည်။ အဇာတသတ်မင်းမြှုပ်ထားခဲ့သော ဓါတ်တော်များကို တူးဖော်ယူခဲ့ပါသည်။ ထိုဓါတ်တော်များမှာ ရွှေပန်းကန်းတွင် တလုံးတစုတပေါင်းတည်းဖြစ်နေပါသည်။ ထိုဓါတ်တော်များကို အရှင်မောဂ္ဂလိကပုတ္တတိဿမထေရ်သည် အသားမှဖြစ်သောဓါတ်၊ အရိုးမှဖြစ်သောဓါတ်၊ အသွေးမှဖြစ်သောဓါတ် စသည်ဖြင့်ခွဲခြားခဲ့ပါသည်။ အသေးစိတ်အားဖြင့် ဦးခေါင်းတော်ဓါတ်၊ ဦးနှောက်တော်ဓါတ်၊ မျက်လုံးတော်ဓါတ်စသည်ဖြင့် မြတ်စွာဘုရား၏အင်္ဂါကြီးငယ်မှဖြစ်သော ဓါတ်တော်များကို တစ်ခုချင်းခွဲခြမ်းပြီး သီရိဓမ္မာသောကမင်းကြီးအားပေးခဲ့ပါသည်။

သီရိဓမ္မာသောကမင်းကြီးသည် ဓါတ်တော်များကိုရရှိသောအခါ ဋ္ဌာ**ပနာလေ**သည်။ ဤစေတီတည်ရမည့်နေရာဒေသများကို အသျှင်မောဂလိပုတ္တတိဿမထေရ်အား မေးလျှောက်ခဲ့ပါသည်။ ထိုအခါ အသျှင်မောဂ္ဂလိပုတ္တတိဿမထေရ်က ‘တကာတော်မင်းကြီး ဤဓါတ်တော်များကိုဋ္ဌာပနာပြီး စေတီတည်ရန်ဒေသများမှာ မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်ကပင်

ဗျာဒိတ်ချမှတ်ခဲ့သောနေရာတိုင်းတွင် စေတီတည်ရမည်ဟုပြောခဲ့ပါသည်။ ထိုနေရာများသို့ စေတီတည်ရန်အတွက် ဓါတ်တော်များကိုပို့ဆောင်ရမည်’ ဖြစ်ကြောင်း မိန့်မြွက်ခဲ့ပါသည်။ ထိုအခါ အရှင်မောဂ္ဂလိပုတ္တိဿမထေရ် သည် အသျှင်ဗာကုလမထေရ်နှင့် အသျှင်တိဿမထေရ်တို့အား မြတ်စွာဘုရား ဗျာဒိတ်ချမှတ်ခဲ့သည့် ရခိုင်ပြည်ရှိနေရာများတွင် စေတီတည်ထားရန် ဓါတ်တော်များကိုပို့စေခဲ့သည်။

## သုရိယစက္ကမင်းလက်ထက်

ထိုအရှင်တို့သည် ကောင်းကင်ခရီးဖြင့် ရခိုင်ပြည်သို့ကြွရောက်ခဲ့ပါသည်။ ယင်းအချိန်တွင် ရခိုင်ပြည်ဓညဝတီတွင် သူရိယစက္ကမင်းကြီးမင်းပြု လျှက်ရှိပါသည်။ ထိုဓါတ်တော်များကို အသျှင်နှစ်ပါးသည် သူရိယစက္ကမင်း ကြီးအားပေးအပ်ပြီး စေတီတည်ရမည့်အရပ်ဒေသများကိုလည်း ပြောခဲ့ပါသည်။ သူရိယစက္ကမင်းကြီးသည် ဓါတ်တော်များကိုလက်ခံပြီး မှူးကြီး၊ မတ်ကြီး၊ စစ်သူကြီးများကိုစေတီတည်ရန်အတွက် ဓါတ်တော်များကိုပေးအပ်ပြီး မြတ်စွာဘုရားဗျာဒိတ်မြွက်ဆိုခဲ့သည့်နေရာတိုင်းသို့သွားရောက်၍ စေတီများကိုတည်စေပါသည်ဘုရား။ မြတ်စွာဘုရား ရခိုင်ပြည်သို့ကြွရောက်ခဲ့သော အခါ ရပ်တန့်တော်မူပြီး ဗျာဒိတ်ပေးခဲ့သောသေလာဂိရိတောင်တော်၌ **ကျောက်ရိုး** တော်ဓါတ်ကိုဌာပနာပြီး စေတီတည်ခဲ့ပါသည်။ မဉ္ဇူပဗ္ဗတတောင်တွင် ချက်တော် ဓါတ်ကိုဌာပနာပြီး စေတီတည်ခဲ့ပါသည်။ မိဂပဗ္ဗတတောင်၌ သင်းကျစ်တော် ဓါတ်ကို ဌာပနာ၍စေတီတည်ခဲ့ပါသည်ဘုရား။



## တပြည်လုံးမှာ

ဤသို့ရခိုင်ပြည်တပြည်လုံးတွင် ဗျာဒိတ်တော်ဝင်စေတီ ၂၄၈–ဆူ ကိုတည်ခဲ့ပါသည်။ ဓါတ်တော်စေတီများကို မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန် ပြီးမှသာ လာတည်ခြင်းဖြစ်သောကြောင့် မြတ်စွာဘုရားသည် ဓါတ်တော်များကို ဤသည်ကား ဦးခေါင်းတော်ဓါတ်၊ ဤသည် ဦးနှောက်တော်ဓါတ်၊ ပေါင်တော် ဓါတ်၊ ခြေသလုံးတော်ဓါတ်စသည်ဖြင့် ခွဲခြမ်းဟောထားခြင်းကို မပြုနိုင်တော့ ပါဘုရား။ ယင်းကြောင့် ဘုရားဟောပါဠိတော်အဋ္ဌကထာစသည်တို့မှာ မပါရှိ ခြင်းဖြစ်ပါသည်ဘုရား။

## အမှန်တည်သောဓါတ်တော်များ

အဋ္ဌကထာပါဠိတော်စသည်တို့မှာမပါရှိသော်လည်း ယနေ့ထက် တိုင် ကျောရိုးတော်ဓါတ်၊ ချက်တော်ဓါတ်၊ လျှာတော်ဓါတ်စသည်ဖြင့် တည် ရှိနေပါသည်။ ဤဓါတ်တော်အမည်များကိုလည်း ဓညဝတီခေတ်မှစပြီး၊ ခေတ် အဆက်ဆက်၏ဘုရင်များ ပြန်လည်ပြုပြင်ခဲ့သည်ကို ကဗ္ဗည်းကျောက်စာထိုး ထားခဲ့ပါသည်ဘုရား။ ယင်းကြောင့် ဘုရားဟောပါဠိတော်အဋ္ဌကထာ စသည်တို့မှာ မပါသော်လည်း အမှန်စင်စစ်တည်ရှိသောဓါတ်မွေတော်များဖြစ် ကြောင်း လျှောက်ထားပါသည်ဘုရား။ ဓါတ်မွေတော်စေတီများမှာ ကစ္ဆပ နဒီ(ခေါ်)ကုလားတန်မြစ်၏ ဝဲ–ယာ တလျှောက်၌လည်းကောင်း၊ အဉ္ဇန နဒီ(ခေါ်)လေးမြို့ မြစ်၏ ဝဲ–ယာ တလျှောက်၌လည်းကောင်း၊ သရီရနဒီ (ခေါ်) သရီချောင်း၏ ဝဲ–ယာ တလျှောက်၌လည်းကောင်း၊ ရန္ဒနဒီ (ခေါ်) ရန်းချောင်း မြစ်၏ ဝဲ–ယာ တလျှောက်၌လည်းကောင်း၊ ရမ်းဗြဲကျွန်း၊ ဖရုံကာကျွန်း၊ သံတွဲ စသောနေရာ၊ ဒေသအနှံ့ ရခိုင်တပြည်လုံးတွင် မြတ်စွာဘုရားတကိုယ်လုံးရှိ



ဓါတ်တော်များသည် တည်ရှိခဲ့ပါ၏။ ဗုဒ္ဓ၏ဓါတ်တော်နိုင်ငံဟုလည်း ခေါ်သင့် ပါသည်။

## ★ မေးခွန်းနံပါတ် (၆)

ရခိုင်ပြည်တွင်အသုံးပြုသော ပိဋကတ်တော်များမှာ မြန်မာမှုဖြစ်သလော၊ မည်သည့်မှုဖြစ်သနည်း၊ သင်္ဂါယနာခြောက်တန်တွင် ပါသောမှုဖြစ်သလော၊ ဖြေရှင်းပေးပါ။

တပည့်တော်တို့ရခိုင်ပြည်တွင်အသုံးပြုသော ပိဋကတ်ကို ကြိုးတန်း ပိဋကတ်တော်ဟုခေါ်ပါသည်။ မြန်မာနိုင်ငံကိုရောက်ရှိသော ပိဋကတ်တော်မှာ သထုံကတဆင့် အနော်ရထာမင်းယူခဲ့သောပိဋကတ်တော်ဖြစ်ကြောင်း သိရှိ ရပါသည်။ သထုံပိဋကတ်တော်မှာလည်း သီဟိုဠ်မှတဆင့်ရောက်လာသော ပိဋကတ်တော်ဖြစ်၍ သီဟိုဠ်ပိဋကတ်ခေါ်ကြောင်း သိရပါသည်ဘုရား။ သီဟိုဠ် မှာလည်း ရှင်ဗုဒ္ဓဃောသပိဋကတ်နှင့် သီဟိုဠ်နိုင်ငံသားတို့အခေါ် စရိယ ပိဋကတ်ဟူ၍ရှိပါသည်ဘုရား။ ထိုင်း၊ ဗီယက်နမ်၊ လာအိုတို့မှာရှိသော ပိဋကတ် များကို ဇင်းမယ်ပဏ္ဏာသပိဋကတ်တော်ဟု ခေါ်ကြောင်းသိရှိရပါသည်။

## ကြိုးတန်းပိဋကတ်

တပည့်တော်တို့ရခိုင်ပိဋကတ်ကို အဘယ်ကြောင့် ကြိုးတန်း ပိဋကတ်ဟုခေါ်ရခြင်းကို ရှင်းပါမည်ဘုရား။ ပထမအကြိမ် သင်္ဂါယနာမှုအတိုင်း ဒုတိယအကြိမ်သင်္ဂါယနာတင်ခဲ့ပါသည်။ ဒုတိယအကြိမ်သင်္ဂါယနာမှုအတိုင်း တတိယအကြိမ်သင်္ဂါယနာတင်ခဲ့ပါသည်။ ရခိုင်ပြည်တွင်လည်း စတုတ္ထ အကြိမ်သင်္ဂါယနာတွင် တတိယအကြိမ်အတိုင်း သင်္ဂါယနာတင်ခဲ့ပါသည်



ဘုရား။ ဤကဲ့သို့ မူရင်းအတိုင်း အဆင့်ဆင့်စတုတ္ထအကြိမ်ထိဆင်းသက်လာ သော်လည်း ပိဋကတ်တော်များကို ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း၊ နှုတ်ပယ်ခြင်း လုံးဝမပြုဘဲ တသဝေမတိမ်း (ရခိုင်အခေါ်) စာမျဉ်းအချွတ်ပင်လျှင်မှန်ကန် သောပိဋကတ်တော် ဖြစ်ပါသည်။ စာမျဉ်းဆိုသည်မှာ မျဉ်းကြောင်းကိုခေါ်ပါ သည်။ ရှေးစကားမှာ မျဉ်းကြောင်းကို ကြိုးတန်းဟုခေါ်ပါသည်။ ဥပမာအား ဖြင့် သစ်တုံးတစ်တုံးကို လွှဆရာက ဗဟိုခွဲလိုလျှင် သစ်တုံး၏ခေါင်းမှနေ မီးသွေးသုတ်လိမ်းထားသောကြိုးကို အလယ်ကျအောင်ထားပြီး အခြားတ ဘက်က လူတစ်ဦးက ကြိုးကိုတင်းနေအောင်ကိုင်၍ ကြိုးကိုဆွဲရိုက်ရပါသည်။ ထိုအခါ မီးသွေးသုတ်လိမ်းထားသောကြိုး၏အကြောင်းသည် သစ်တုံးပေါ်၌ ထင်ရှား စွာပေါ်နေပါသည်။ လုံးဝကောက်ကွေ့ခြင်းမရှိပါ။ ထိုနည်းတူစွာ ရခိုင်ပြည်ရှိပိဋကတ်တော်များမှာလည်း ကြိုးတန်းသည်အကောက်အကွေ့ မရှိသကဲ့သို့ ပြုပြင်ခြင်း၊ ပြင်ဆင်ခြင်း၊ နှုတ်ပယ်ခြင်းတည်းဟူသော ချို့ယွင်း ချက်အကောက်အကွေ့မရှိပါသဖြင့် ကြိုးတန်းပိဋကတ်ဟု အမည်ပေးထား ပါသည်ဘုရား။

## ပိဋကတ်တိုက်လေးဆယ့်ရှစ်ခု

ရှေးရခိုင်ဘုရင်များအုပ်စိုးသောခေတ်က မြောက်ဦးမြို့၏ပတ်ဝန်း ကျင်တွင် သံဃာတထောင်ဆန့်သော ကျောင်းတော်ကြီး ၃၆–ကျောင်းရှိခဲ့ ကြောင်း မှတ်သားရပါသည်။ ထိုကျောင်းတိုက်ကြီးများ၌ ဗုဒ္ဓစာပေကိုသင်ကြား နေကြသော သံဃာတော်များတို့သည် ကြိုးတန်းပိဋကတ်ကိုစံထား၍ လေ့လာ ကြပါသည်။ ထိုပိဋကတ်တော်များကိုထားရှိရန်အတွက် ပိဋကတ်တိုက်ခေါ် ပုထိုးများကို မြောက်ဦးမြို့နေရာအနှံ့တွင် တွေ့ရှိရပါသည်။ သမိုင်းအဆိုအရ

ပိဋကတ်တိုက်ပေါင်းလေးဆယ့်ရှစ်ခု ရှိခဲ့ကြောင်းသိရှိရပါသည်။ ယခုအခါ ပြိုပျက်သွားသဖြင့် တချို့တဝက်ကိုသာတွေ့ရပါသည်။ ယခုထက်တိုင် အကောင်းပကတိတွေ့ရသော ပိဋကတ်တိုက်မှာ ချိန်ကိုက်ပိဋကတ်၊ ဘတော် ပိဋကတ်တိုက်၊ မယ်တော်ကူပိဋကတ်တိုက်တို့ဖြစ်ကြပါသည်။

ယင်းကြောင့် ရှေးခေတ်ကရေးသားကြသောစာပေများ၌ ဝေသာလီ တွင်သင်္ဂါယနာတင်ခဲ့စဉ်က မူအဖြစ်ထားခဲ့သောကြိုးတန်းပိဋကတ်တိုက် တော်မှတဆင့် ရေးကူးခြင်းဖြစ်ကြောင်းကို ပေစာ၏အဆုံး၌ ကြိုးတန်းပိဋ ကတ်တော်အတိုင်းရေးကူးခြင်းဖြစ်ပါသည်ဟု ရေးသားထားသည်ကို ယနေ့ တိုင် ပေစာများတွင်တွေ့ရှိနိုင်ပါသေးသည် ဘုရား။

တပည့်တော်သည် အရှင်ဘုရား၏မေးခွန်းများကို ရှင်းလင်းဖြေဆိုခဲ့ သည်မှာ ၄-နာရီကြာမြင့်ခဲ့ပါပြီ။ တပည့်တော်၏ရှင်းလင်းဖြေဆိုချက်များကို လည်းသဘောပေါက် လက်ခံလိမ့်မည်ထင်ပါသည်။ အရှင်ဘုရားတို့မှာလည်း ဘုရားဖူးရန်ရှိနေပါသေး၍ တပည့်တော်၏ရှင်းလင်းဖြေဆိုချက်များကို အဆုံး သတ်ခွင့်ပြုပါဘုရား။

ဆရာကြီး၏ဖြေကြားလျှောက်ထားချက်အပေါ် အရှင်ညာဏိ သရဆရာတော်မှာ နောက်ထပ်မေးမြန်းခြင်းမပြုနိုင်တော့ဘဲ ဘုရားဖူးရန် အတွက် ညနေ ၅-နာရီခန့်တွင် သျှစ်သောင်းပုထိုးတော်ကြီးမှ ပြန်ကြွသွား ခဲ့ပါသည်။



## ★ ဆရာကြီးဦးဦးသာထွန်း [၁၉၁၇-၁၉၉၀] ★

ဆရာကြီး ဦးဦးသာထွန်းကို ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့၊ ညောင် ပင်ဈေးရွာနေ၊ အဖ ဦးကောင်းစံရွှီ၊ အမိ ဒေါ်အောင်ကြွဲဖ်တို့မှ ၁၉၁၇၊ နိုဝင် ဘာလ ၂၃ ရက် သောကြာနေ့တွင် ဖွားမြင်ခဲ့သည်။ တစ်ဦးတည်းသောသား ဖြစ်သည်။

ငယ်ရွယ်စဉ်မှစ၍ အဘိုးဖြစ်သူရာဇဝင်ဆရာကြီး ဦးသာထွန်း အောင်က ရခိုင်ရာဇဝင်၊ ဆေးကျမ်း၊ နက္ခတ်ကျမ်း၊ ပုရာဏ်ကျမ်းများကို နှုတ် တိုက် အာဂုံသင်ကြားပေးခဲ့သည်။ နဝမတန်းတွင် ပညာသင်ကြားနေစဉ် ဖခင် ကွယ်လွန်သွားသဖြင့် ကျောင်းမှ နုတ်ထွက်လိုက်ရပြီးနောက် ရဟန်းပုဂ္ဂိုလ်တို့ ထံ၌ သက္ကဋ္ဌ၊ ပါဠိ၊ သမိုင်း၊ အင်း၊ ဗေဒင်နှင့် အခြားလောကီပညာရပ်များကို သင်ကြားလေ့လာ ဆည်းပူးခဲ့သည်။

၁၉၅၀ ခုနှစ်နှင့် ၁၉၅၅ ခုနှစ်အထိ မူလတန်းကျောင်းဆရာအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ၁၉၅၅ ခုနှစ်မှ ၁၉၇၇ ခုနှစ်အထိ မြောက်ဦးမြို့ ရှေးဟောင်းသုတေသနဌာနခွဲတွင် ရခိုင်-မြန်မာဏ္ဍို အဖြစ်တာဝန်ထမ်း ဆောင်ခဲ့သည်။ ယခု လက်ရှိမြောက်ဦး ရှေးဟောင်းသုတေသနပြတိုက်ကြီး မှာ ဆရာကြီးစုဆောင်းတည်ဆောက်ခဲ့သော ပြတိုက်ကြီးဖြစ်သည်။ ၁၉၇၇ ခုနှစ်မှ ၁၉၈၃ ခုနှစ်အထိ မြောက်ဦးမြို့ရှေးဟောင်းသုတေသနဌာနခွဲတွင် အကြံ ပေးပုဂ္ဂိုလ်အဖြစ် ဆက်လက်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၀ ခုနှစ် မှ ၁၉၈၃ ခုနှစ်အထိ တူးဖော်ခဲ့သော ရခိုင်ဝေသာလီမြို့ဟောင်း တူးဖော်မှု လုပ်ငန်းတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်တူးဖော်ခဲ့သည်။

မြောက်ဦးမြို့ဘုရားသမိုင်း (၁၃၀၀-ခုနှစ်) ဦးရာဇ်တောင်ဘုရားကြီး သမိုင်း (ပုံနှိပ်)၊ မြောက်ဦးမြို့ဘုရားသမိုင်းကျမ်းပြင်ဆင်ဖြည့်စွက်ချက် (ပုံနှိပ်)



(၁၉၅၂-၅၃) ရက္ခိုင်အမျိုးသမီးသူရဲကောင်း အတ္ထုပ္ပတ္တိ (၁၉၅၃-(၁၉၅၂-၅၃) ရက္ခိုင်အမျိုးသမီးသူရဲကောင်း အတ္ထုပ္ပတ္တိ (၁၉၅၃-၅၄) (ပုံနှိပ်)၊ ရက္ခိုင်ရာဇာဝင် အခေါ်ပကျမ်း (၁၉၅၄-၅၅) ပုံနှိပ်၊ ဝသဲဘုရား သမိုင်း (ပုံနှိပ်)၊ ရှင်သတ်ဘုရား သမိုင်း (ပုံနှိပ်) တို့ကို ထုတ်ဝေခဲ့သည်။

ရက္ခိုင်ကဗျာပေါင်းချုပ်၊ ရက္ခိုင်ရာဇဝင်လင်္ကာဘာသာပြန်၊ ရက္ခိုင် ဒင်္ဂါးများဘာသာပြန်၊ ရက္ခိုင်ပြည် ဓာတ်တော်ဘုရားစေတီများနှင့် မြောက်ဦး မြို့တန်ခိုးကြီးဘုရားများ သမိုင်းစာမူများကို ရေးသားပြုစုပြီး ဘဏ္ဍာရေးဝန်ကြီး ဆာဦးထွန်းအောင်ကျော်သို့ ပေးအပ်ခဲ့သည်။

အံ့တော်သိမ်ဘုရားသမိုင်းကျမ်း၊ သဲထက်ဘုရားသမိုင်းကျမ်း၊ ထီး တော်မိုးဘုရားသမိုင်း၊ ဘောင်းဒွတ်နတ်တောင် ဘုရားသမိုင်း၊ ဝေသာလီဘုရား ကြီးသမိုင်း၊ သိမ်တော်ကြီးဘုရားသမိုင်း၊ မဟာထီးဘုရားသမိုင်း၊ ပါးတော်ဘုရား သမိုင်း၊ မင်္ဂလာဓာတ်ရွှေကူဘုရားသမိုင်းတို့ကို ရတုလင်္ကာစကားပြေမော်ကွန်း စသည်တို့ဖြင့် ရေးသားထုတ်ဝေခဲ့သည်။

ဓညဝတီမဂ္ဂဇင်းကို စာတည်းနှင့် အယ်ဒီတာအဖြစ် တာဝန်ယူ ထုတ်ဝေခဲ့သည်။ ဓညဝတီစာစောင်၊ ဓညဝတီမဂ္ဂဇင်း၊ ရခိုင်တန်ဆောင်မဂ္ဂဇင်း၊ မန္တလေးပြည်သူ့ဂျာနယ်၊ ရန်ကုန် မဂ္ဂဇင်း၊ စုံထောက် မဂ္ဂဇင်း၊ ယဉ်ကျေးမှုစာ စောင်၊ ရခိုင်မဂ္ဂဇင်း၊ စစ်တွေမဂ္ဂဇင်း၊ ရခိုင်ပြည်နယ်စာစောင်၊ ဝရာဇ်မြေမဂ္ဂဇင်း တို့တွင် ဦးဦးသာထွန်း၊ ဦးသူရိယစသည့် ကလောင်အမည်များဖြင့် ဆောင်းပါး များရေးသားခဲ့သည်။

မြို့စောင့်နတ်ဒေဝတာဗလီ ပူဇော်ကျမ်း၊ အဠနနိဒါန်းဆေးကျမ်း၊ ရခိုင်စည်ပြုလုပ်ပုံနှင့် တီးကွက်တီးလုံးများ ကဗျာများ၊ စုပေါင်းစာတမ်း၊ ရခိုင် ထိမ်းမြားမင်္ဂလာပန်း၊ တျားတီးလုံးတီးကွက်နှင့် ပြုလုပ်ပုံအတိုင်းအတာ စာ တမ်း၊ ရခိုင်သတ်ပုံသတ်ညွှန်းခွဲထားခြင်း အဓိပ္ပာယ်ထွက်ပုံစာတမ်း၊ ရခိုင်ပု



လွေ(မြို့) အမျိုးမျိုးကိုပြုလုပ်ပုံအတိုင်းအတာစာတမ်း၊ ဗုဒ္ဓပူဇနိယဆီမီးခွက် အက၊ သီးချင်းကဗျာစသည်တို့ကို ရေးသားပြုစုခဲ့သည်။

ဆင်ယင်ထုံးဖွဲ့မှု (မူကြမ်း)၊ ရခိုင်ရာဇဝင် (မူကြမ်း)၊ ရခိုင်အက္ခရာ ဆင်းသက်လာပုံကျမ်း (မူကြမ်း)၊ ရခိုင်ကျောက်စာပေါင်းချုပ်ကျမ်း (မူကြမ်း)၊ ရခိုင်မင်းသားဒင်မာတင် (မူကြမ်း)၊ အရှင်ဦးမြဝါကျမ်း (မူကြမ်း)၊ ရခိုင်မင်း သမီးချေင်းရှင်းလင်းချက် (မူကြမ်း)၊ ဗျာလ်စာတမ်း၊ ကျောက်တော်မြို့ သေလာ ဂီရိမောရပဗ္ဗတတောင်ခြေရင်းမှတွေ့ရှိရသော ကျောက်ဆစ်လက်ရာများ သုတေသနပြုချက်(မူကြမ်း) စသည်တို့ကို ရေးသားပြုစုခဲ့သည်။

ဩစတြေးလျနိုင်ငံအမျိုးသားတက္ကသိုလ်သုတေသီ Pamela Gutman ၏ Ancient Arakan ကျမ်းပြုစုရာတွင် လည်းကောင်း၊ ပြင်သစ်နိုင်ငံ ပါရီမြို့မှ ပါမောက္ခရာဖတ်ဆာဗ်ရ် (Bernot) အား ရခိုင်ပုံပြင် လိပ်ကန်ဖားမ ဝတ္ထုနှင့် ကျီးဖြူရွာ စာတမ်းတို့ကို လည်းကောင်း၊ အင်္ဂလန်နိုင်ငံ ပါမောက္ခဦးလှသိန်း (ခေါ်) ဂျွန်အိုကဲလ်အား စေတီအဆောက်အအုံနှင့်နန်း အဆောက်အအုံဆိုင်ရာစာတမ်းကိုလည်းကောင်း၊ အမေရိကန်နိုင်ငံ အာရှဖောင် ဒေးရှင်း အတွင်းရေးမှူး ဒေးဗစ်စတိမ်းဗားစ်အား ဝေသာလီကျောက်ရုပ်တု ဆင်းတုတို့၏နှစ်ပေါင်း ကြားညောင်းမှု တိုင်းတာမှုစာတမ်းကိုလည်းကောင်း၊ ဂျပန်နိုင်ငံပါမောက္ခအိုနိုတိုရှုနှင့် ရခိုင်စကားပြောလေယူလေသိမ်း အသံထွက်ပုံစာတမ်းနှင့် ဘောင်းဒွတ်အရပ်ရှိ ဒချ်ကောင်ဆတ်လာ အဆောက်အအုံပုံစံနှင့် ကူသန်းရောင်းဝယ်ခဲ့ကြပုံစာတမ်းကိုလည်းကောင်း ရေးသားပြုစုခဲ့သည်။

နိုင်ငံတော်အစိုးရယဉ်ကျေးမှုဌာနနှင့် အခြား ပုဂ္ဂိုလ်များအား လည်းကောင်း၊ ဦးမင်းနိုင်၏ ပြည်ထောင်စုအကပဒေသာစာအုပ် (၁၉၅၉-ခု)၊

ရခိုင်တေးသံစာအုပ် (၁၉၆၅) ရခိုင်တိုင်းရင်းသားလူမျိုးများဖြစ်စဉ်နှင့် ဓလေ့ထုံးစံများစာအုပ်၊ တိုင်းရင်းသားယဉ်ကျေးမှု ရိုးရာဓလေ့ထုံးစံများ၊ ရခိုင်ပြည်နယ်ဘဏ္ဍာတိုက်ကြီးများကျမ်း၊ ရခိုင်ရိုးရာစည်နှင့် တူရိယာတီး ကွက်များ စာတမ်း၊ မြန်မာဝေါဟာရ အဘိဓာန်ကျမ်း ပြုစုရာတွင် ဝေါဟာရ စာလုံးများပြုစုပေးပို့ခြင်း၊ ရခိုင်ဝေါဟာရ အဘိဓာန်ပြုစုရာတွင် ဝေါဟာရ စာလုံးနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ကျမ်းကိုးကားချက်များ စာအုပ်ပြုစုခြင်း၊ ၁၉၇၆–၇၇ ခု ရခိုင်ပြည်နယ်နေ့၊ ရခိုင်ပြည်နယ်အောင်လံ၊ ရခိုင်ပြည်နယ်တံဆိပ်၊ ရခိုင်ရိုးရာ ကျား/မ ဝတ်စုံ စာတမ်း၊ ရခိုင်ပြည်နယ်ဖြစ်စဉ်သမိုင်း၊ မြောက်ဦး မြို့ဖြစ်စဉ်သမိုင်း၊ မြောက်ဦးလမ်းညွှန် စသည်တို့ကို ပါဝင်ကူညီရေးသား ပြုစုခဲ့သည်။

အထက်တန်းပညာဦးစီးဌာနညွှန်ချုပ် (ငြိမ်း) ပါမောက္ခ ဦးစံသာအောင်အားလည်း ၁၉၇၂ ခု၊ အဘိဓမ္မာ ကောက်နုတ်ချက် ပုရပိုက်ကို မိုက်ခရိုဖလင်ရိုက်နိုပ်ရန်လည်းကောင်း၊ ဂဝိကဏ္ဍာပါသဏကျမ်းပေမူကို မိုက်ခရိုဖလင်ရိုက်နိုင်ရန်လည်းကောင်း၊ လျှို့ဝှက်ကျောက်စာ ဂဏန်းရေးနည်းပေမူကို မိုက်ခရိုဖလင်ရိုက်ရန်လည်းကောင်း၊ အေဒီ ၆ ရာစုနှင့် ယင်းမတိုင်မီ ရခိုင်ပြည်သုံးအက္ခရာစာအုပ်ပြုစုရာတွင်လည်းကောင်း၊ အနန္တစန္ဒြားရှစ်ရာစု ရခိုင်ဝေသာလီစာအုပ်ပြုစုရာတွင် လည်းကောင်း၊ ဗုဒ္ဓအနုပညာ Art of Ancierb Arakan စာအုပ်ပြုစုရာတွင်လည်းကောင်း ပါဝင်ကူညီခဲ့သည်။

၁၉၅၉ ခုနှစ်တွင် ရေဒီယိုမှ ရခိုင်အသံကို စတင် အသံလွှင့်ခဲ့ သည်။ တိမ်မြှုပ်ပျောက်ကွယ်ခဲ့ပြီဖြစ်သော ရခိုင်ယဉ်ကျေးမှု အမွေအနှစ်၊ ရခိုင်သမိုင်း၊ ရခိုင်စာပေ၊ ရခိုင်ရိုးရာ ဓလေ့ထုံးတမ်းစဉ်လာတို့ကို ကမ္ဘာကသိအောင် ရှာဖွေစုဆောင်းလေ့လာဖော်ထုတ်ခဲ့သည်။ ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။ ရခိုင်သူ၊ ရခိုင်းသားများတို့ကိုလည်း ရခိုင်ယဉ်ကျေးမှုအမွေအနှစ်၊ ရခိုင် သမိုင်း၊



ရခိုင်စာပေ၊ ရခိုင်ရိုးရာဓလေ့ထုံးတမ်းစဉ်လာတို့ကို ရှာဖွေစုဆောင်း လေ့လာဖော်ထုတ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန် အမြဲ ဆော်သြ ခဲ့သည်။

ဆရာကြီးကား ရခိုင်ယဉ်ကျေးမှုအမွေအနှစ်၊ ရခိုင်သမိုင်း၊ ရခိုင် စာပေ၊ ရခိုင်ရိုးရာဓလေ့ ထုံးတမ်းစဉ်လာများကို အသစ်တစ်ဖန်ပြန်လည် မွေးထုတ်ပေးခဲ့သော ဖခင်ကြီးတစ်ဦးဖြစ်သည်။

ဆရာကြီးသည် ၁၉၉၀ ရွေးကောက်ပွဲအတွက် ရခိုင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ALD) အတွက် မဲဆွယ်စည်းရုံးပေးခဲ့သည်။ ထိုအချိန်တွင် ဗမာစစ်အစိုးရ၏ တိုင်းပြည်အပေါ် အနိုင်ကျင့်စော်ကားမှုနှင့် ပတ်သတ်၍ ဆရာကြီး၏ အချက်ကျကျ ဝေဖန်ထိုးနှက်ချက်များသည် ဗမာစစ်အစိုးရအတွက် အနာပေါ်တုတ်ကျ အရှက်ရစေခဲ့သည်။ ထိုအတွက်ကြောင့် ဆရာကြီးအား မင်းပြားမြို့ ပြားချောင်းကျေးရွာ၌ အမျိုးသားရေး တရားဟောသည် စသည်ဖြင့် အမျိုးမျိုးစွဲချက်တင်ပြီး ဖမ်းဆီးခဲ့သည်။ ထို့နောက် နအဖစစ်ခုံရုံးက ထောင်ဒဏ် (၃)နှစ် ပြစ်ဒဏ်ချမှတ်ပြီး စစ်တွေအကျဉ်းထောင်၌ ချုပ်နှောင်ထားခဲ့သည်။ ထောင်ထဲတွင် ဆရာကြီးအား ထမင်းကျွေးရာတွင် စိန်အစရှိသော အဆိပ်ပါသော အစားအစားများအား နေ့စဉ်လိုလို အနည်းငယ်ထည့်ကျွေး၍ လုပ်ကြံခဲ့ရာ ထောင်ကျပြီး တစ်နှစ်လောက်အကြာ ၁၉၉၀ ဩဂုတ်လ ၁၄ ရက်နေ့တွင် စစ်တွေ အကျဉ်းထောင်၌ ကွယ်လွန်သွားခဲ့ သည်။ ဗမာတို့သည် ရခိုင်သားတို့အတွက် မားမားမတ်မတ် တိုက်ပွဲဝင်ခဲ့သော ဆရာကြီးအား သတ်ဖြတ်ခြင်းဖြင့် ရခိုင်တို့ အားချိုးနှိပ်ခဲ့သည်။

ဆရာကြီး၌ ဇနီး ဒေါ်စိန်သာနှင့်သားကိုကျော်ထွန်းအောင် အပြင် သမီး လးဦးကျန်ရှိနေခဲ့ပါသည်။ ။



# ဗုဒ္ဓသာသနာ နှင့် ရခိုင်ပြည်

*“ရခိုင်၌ ကိုယ့်မင်းကိုယ့်ချင်း၊ ကိုယ့်ထီးကိုယ့်နန်းနှင့်၊ ကိုယ့်ဘာသာသာသနာနှင့် ကြီးပွားထွန်းကားနေသောအချိန် ဖြစ်နေသည်ကို အရှင်ဘုရားစိတ်မှာ မှတ်ထားရပါမည်။ ”*

“တပည့်တော်တို့ရခိုင်ပြည် သူတပါးလက်အောက်ကျရောက်သည့်နေ့ကစပြီး သာသနာညှိုးနွမ်းခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပါသည်။”


## ဗုဒ္ဓသာသနာ နှင့် ရခိုင်ပြည်

**ပုံနှိပ်မှတ်တမ်း**

**အပြင်အဆင်**

ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့် လူငယ်များကွန်ဂရက် (ရ–က–လ–က)

**ပုံနှိပ်ထုတ်ဝေမှု**

သတင်းနှင့် သုတေသနဌာန

ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့် လူငယ်များကွန်ဂရက် (ရ–က–လ–က)

**အုပ်ရေ**

၁၀၀၀၊ ပထမအကြိမ်

**ထုတ်ဝေသည့်နေ့စွဲ**

ဩဂုတ်လ ၁၄ ရက်၊ ၂၀၀၇ တွင်ကျရောက်မည့် ဆရာကြီးကွယ်လွန်ခြင်း (၁၇ ) နှစ်ပြည့် ဝမ်းနည်းခြင်းအထိမ်းအမှတ် အဖြစ်ထုတ်ဝေသည်။



Email: @gmail.com

Phone:

ဆက်သွယ်ရန်လိပ်စာ P.O Box - 178

Tak, Province

Mae Sod, 63110

Thailand